ဆယ်အိမ်စုကျေးရွာ

ပုလောမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၀)


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆယ်အိမ်စုကျေးရွာ၊ ပုလောမြို့နယ်



(မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

**မာတိကာ**


မာတိကာ ၁

စကားချီး ၄

ကျောင်းနိမ့်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပုလောမြို့နယ် ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်** ၇

**၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု** ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

**၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၈

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ ) သဘာဝအရင်းအမြစ်များ

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၉

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

**၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ** ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၂

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ** ၁၃

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ် ကျသော ချိတ်ဆက်မှုများ** ၁၅

**၈။ ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၁၆

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၁

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ** ၂၃

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** ၂၄

(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာအကူအညီ

**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၇

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှုအခြေအနေ

ဇယား(၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား(၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား(၁၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား(၁၃) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား(၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား(၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများပိုင်ဆိုင်မှု
ဇယား(၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား(၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား(၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား(၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား(၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား(၂၂)  စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၃)  ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား(၂၄)  ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း

ဇယား(၂၅)  သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား(၂၆)  သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား(၂၇)  မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ဇယား(၂၈)  ကျောင်းအပ်နှုန်း

ဇယား(၂၉)  စာသင်ကျောင်းဆောင် အခြေအနေ

ဇယား(၃၀)  ပညာရေး အခက်အခဲ နှင့် ပြဿနာများ

ဇယား(၃၁)  အဖြစ်များသော ရောဂါများ

ဇယား(၃၂)  ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား(၃၃)  သောက်သုံးရေ ရရှိမှု

ဇယား(၃၄)  သန့်ရှင်းရေး အခြေအနေ

ဇယား(၃၅)  ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

ဇယား(၃၆)  ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား(၃၇)  သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၃၈)  လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား(၃၉)  ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

ဇယား(၄၀)  ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား(၄၁)  ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား(၄၂)  မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ(၂)  ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့် အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၅၃

ဇယား(၄၃)  ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဇယား(၄၄)  ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)** ၅၆

ဇယား(၄၅)  ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

**ကိုးကားစာရင်း** ၆၁

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၆၂

စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ ၆၃

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဆယ်အိမ်စုကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင် ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါတယ်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပုလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါတယ်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက် လုပ်ဆောင်ရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့်ကိန်းဂဏန်း အချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံချက်တွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပုလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုလောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံချက်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။

အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဆယ်အိမ်စုကျေးရွာ
ပုလောမြို့နယ်

## ဆယ်အိမ်စုကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပုလောမြို့နယ်




**ရည်ညွှန်း** - ဆယ်အိမ်စုကျေးရွာ၊ ထမင်းမစားကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/သားများကိုယ်တိုင်ပူး ပေါင်းအကဲဖြတ်ခြင်းမှရယူသည်။ (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂-၂၃ ရက်)

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

## (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာ တွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့ ၏ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များ နှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိအောင်ဆောင်ရွက် လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ် သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှု ရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူ အညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ် နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများ အားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ် သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင် ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## (ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်နည်း လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိ ရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုနှစ်အလိုက်ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုအပေါ်မူတည်၍နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတု၊ မြေမျက်နှာသွင်ပြင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံးတိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသောဒေသတစ်ခုဖြစ်ပါသည်။ ပုလောမြို့သည် တနင်္သာရီတိုင်းဒေသကြီး၏အလယ်ပိုင်းတွင် တည်ရှိပြီး ထားဝယ်မြို့၊ သရက်ချောင်းမြို့၊ မြိတ်မြို့နှင့်တနင်္သာရီမြို့များဖြင့် ထိစပ်လျှက်ရှိပြီး ရန်ကုန် - ကော့သောင်း ကားလမ်းမကြီးနှင့် ဆက်သွယ်ထားပါသည်။

ဆယ်အိမ်စုကျေးရွာသည် ထမင်းမစားကျေးရွာအုပ်စုတွင်ပါဝင်ပြီး၊ ပုလောမြို့မှ(၁၃.၅)မိုင်၊ ပုလောမြို့မှ (၁၃.၅)မိုင်ကွာဝေးပါသည်။ ပတ်ဝန်းကျင်ရွာများမှာ ထမင်းမစားကျေးရွာ၊ နန်းပရုတ်ကျေးရွာ၊ တော်ဝင်ကျေးရွာတို့ ဖြစ်ကြပါသည်။ ပုလောမြို့နယ်၏ (၂၀၁၄) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၃၉)ရက်နှင့် မိုးရေချိန်မှာ (၂၀၇.၁၃) လက်မအထိဖြစ်ပါသည်။

ပုလောမြို့နယ်သည် တနင်္သာရီရိုးမမှ ဖြာဆင်းလာသောတောင်တန်းများနှင့် မြေပြန့်လယ်ယာများ ပါဝင်သော ပင်လယ်ကမ်းရိုးတန်းဒေသတစ်ခုလည်း ဖြစ်ပါသည်။ ဆယ်အိမ်စုကျေးရွာသည် ပထဝီဝင်အနေ အထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ရန်ကုန် - ကော့သောင်းကားလမ်းမကြီးနှင့် (၁.၅) မိုင်ခန့်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ပါသည်။ ဆယ်အိမ်စုကျေးရွာသည် ဥယျာဉ်ခြံလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းကို အဓိက လုပ်ကိုင်သောဒေသတစ်ခုလည်းဖြစ်သည်။

**(ခ) သဘာဝအရင်းအမြစ်များ**

ပုလောမြို့နယ်သည် သဘာဝသယံဇာတနှင့်ပတ်သက်၍ အနည်းငယ်ထွက်ရှိသော ဒေသဖြစ်သည်။ သို့သော် ဆယ်အိမ်စုကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာသဘာဝအရင်းအမြစ် များထွက်ရှိမှုမရှိပါ။ ကျေးရွာတွင် သဘာဝတောများလည်း နည်းပါးသွားပါသည်။ ကျားသစ်၊ ဝက်ဝံအနည်းငယ်ရှိပြီး၊ ချေ၊ ဒရယ်၊ တောဝက်၊ တောခွေးစသော တိရစ္ဆာန်မျိုးစိတ်များနှင့် ငှက်မျိုးစိတ်များ၊ သစ်ပင်မျိုးစိတ်များ၊ မြက်မျိုးများနှင့်တကွ ဆေးဖက်ဝင်အပင်မျိုးစိတ်များ အသင့်အတင့် ရှိပါသေးသည်။ သစ်တောထွက်ပစ္စည်းများအဖြစ် ဖာလာသီးစေ့၊ ကြိမ်သီးတို့ကို ရောင်းဝယ်ဖောက်ကားမှုရှိပါသည်။

## (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ-** ဆယ်အိမ်စု ကျေးရွာတွင် အိမ်ခြေပေါင်း (၅၆) အိမ်ရှိပြီး၊ လူဦးရေ စုစုပေါင်း (၂၈၄) ဦးရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၁) ဦးရှိပါသည်။ အလုပ်လုပ်နိုင်သူဦးရေမှာ (၅၂.၁၁) % ရှိပြီး၊ ၎င်းတို့၏ ဝင်ငွေအပေါ်တွင် မှီခိုသူ ဦးရေမှာ (၄၇.၈၉) % ရှိပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု -** ဆယ်အိမ်စုကျေးရွာ၏ အခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ဉစ္စာခနအဆင့်ခွဲခြားမှုနည်းလမ်းအရ (၈၀) ရာခိုင်နှုန်း နီးပါးမှာ ဆင်းရဲသားအိမ်ထောင်စုများဖြစ်ပါသည်။ အဆင်ပြေသော အိမ်ထောင်စု (၁) စုရှိ၍ ရာဘာ၊ ကွမ်းသီး ခြံဧက(၄၀) အထက် ပိုင်ဆိုင်သည်။ အလယ်အလတ် အိမ်ထောင်စု (၁၁) စုမှာ ရာဘာ၊ ကွမ်းသီးခြံဧက (၂၀-၄၀) ကြားနှင့် ဆင်းရဲအိမ်ထောင်စုမှာ ဧက (၂၀) အောက် ပိုင်ဆိုင်ကြပါသည်။ မြေယာမဲ့အိမ်ထောင်စုမှာ (၁၆) စု ရှိပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု -** ဆယ်အိမ်စုကျေးရွာတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၄၁)စုရှိသည့်အနက်၊ (၃-၅)လအထိ ချေးငှားခြင်းမပြုပဲ ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စုမှာ (၃၇) အိမ်ထောင်စုရှိ၍ (၆) လနှင့် အထက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/ နပ်မှန်အောင် စားသောက်နိုင်သော အိမ်ထောင်စုမှာ (၄)စုရှိပါသည်။ ကျေးရွာအတွင်းရှိ ထိခိုက်လွယ်သောမိသားစု၊ ပုဂ္ဂိုလ်များမှာကျေးရွာအိမ်ထောင်စု၏ (၄၀%) နီးပါးရှိကြပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများနှင့် မြေယာမဲ့ကျပန်း၊ နေ့စား အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ထိုအိမ်ထောင်စုများမှာ ရာသီချိန်မတိုင်မီ အကြွေးယူစားသုံးနေရပြီး၊ အလုပ်ချိန်ရောက် လာလျှင် လုပ်အားဖြင့်ပြန်လည်ပေးဆပ်ရသော အိမ်ထောင်စုများလည်းဖြစ်ကြပါသည်။ အခြားဝင်ငွေရ၊ အသက်မွေးဝမ်းကျောင်းအလုပ်များလုပ်ကိုင်ရန် အခွင့်အလမ်းနည်းပါးသောကြောင့် စီးပွားရေးထိခိုက်မှုများဖ ြစ်ပါက ရပ်တည်ရန်ခဲယဉ်းသဖြင့် ထိခိုက်လွယ်သူများဖြစ်ကြပါသည်။

**(ဃ) ကျန်းမာရေးနှင့်အာဟာရ -** ဆယ်အိမ်စုကျေးရွာသည် တော၊ တောင်တို့နှင့် နီးကပ်စွာ တည်ရှိသောကြောင့် ငှက်ဖျား၊ ဝမ်းပျက်ဝမ်းလျှောရောဂါ အဖြစ်များကြသည်။ တုပ်ကွေး၊ သွေးလွန်တုပ်ကွေးရောဂါများလည်း ဖြစ်ပွားလေ့ရှိပါသည်။ ယင်လုံအိမ်သာသုံးစွဲရာတွင်လည်း တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ် အသုံး ပြုသည့်အလေ့အထရှိသည့်အတွက် ကျန်းမာရေးအသိဗဟုသုတ အတန်အသင့်ရှိ၍ လိုက်နာကျင့်သုံးပါသည်။

**(င) ပညာရေးနှင့်ဝတ်ဝ ကျွမ်းကျင်မှုများ -** ဆယ်အိမ်စုကျေးရွာ၏ စာတတ်မြောက်မှုမှာ (၉၅) ရာခိုင်နှုန်းရှိပါသည်။

စာမတတ်မြောက်သူများမှာ သက်ကြီးပိုင်းများသာဖြစ်ကြပြီး ကျေးရွာလူဦးရေအများစုမှာ မူလတန်းအဆင့်ပြီး မြောက်ပြီးသူများသာဖြစ်ပါသည်။ အခြေခံပညာမူလတန်းကျောင်းရှိ၍ မူလတန်းအဆင့်ပညာကို ကျေးရွာ၌ပင် သင်ယူနိုင်ပါသည်။ သို့သော်လည်း အလယ်တန်းပညာကို ထမင်းမစားကျေးရွာ၊ အလယ်တန်းကျောင်းနှင့် အထက်တန်း ပညာကိုပုလောမြို့တွင် သွားရောက်သင်ယူရပါသည်။

ဥယျာဉ်ခြံမြေပိုင်ဆိုင်သည့် အိမ်ထောင်စု (၅၀)အိမ်ရှိပြီး၊ စုစုပေါင်းအိမ်ထောင်စု၏ ၈၉.၂၈ ရာခိုင်နှုန်း ခန့်ရှိ၍ ရာဘာစိုက်ပျိုးခြင်းကို အဓိကထားလုပ်ကိုင်ပြီး၊ ကွမ်းသီးကို ဒုတိယဦးစားပေးစိုက်ပျိုးပါသည်။ ဒူးရင်း၊ ဒညင်းတို့ကိုလည်းစိုက်ပျိုးပါသည်။ ဆယ်အိမ်စုကျေးရွာတွင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းကို အိမ်ထောင်စု အားလုံး တစ်နိုင်တစ်ပိုင်သာမွေးမြူကြပါသည်။ နွားကို နွားလှည်းဆွဲရန်နှင့် ရောင်းချရန်မွေးမြူကြသော်လည်း ဝက်ကိုရိုးရာ ဓလေ့အရ စားသုံးသူနည်းပါးခြင်းကြောင့် မွေးမြူသူနည်းပါးပါသည်။ ဆယ်အိမ်စုကျေးရွာတွင် အခြားဝင်ငွေရ အလုပ်အကိုင်လုပ်ကိုင်သူ မိသားစုနည်းပါးပြီး၊ အဓိကစီးပွားရေးမှာ ဥယျာဉ်ခြံနှင့် ကျပန်းသမား များသာဖြစ်သည်။ အိမ်ဆိုင်ငယ် (၃) ဆိုင်သာရှိပြီး၊ ခေါင်းရွက်ဗျက်ထိုးဈေးသည်မရှိပါ။

**(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု -** ဆယ်အိမ်စုကျေးရွာတွင် အမျိုးသမီးလုပ်သားမှာ အမျိုးသားလုပ်အားထက် (၄) ရာခိုင်နှုန်းခန့်ပိုမိုပါသည်။ အမျိုးသမီးတစ်ဦးလျှင် လုပ်အားခအဖြစ် တစ်နေ့လျှင် (၃,၅၀၀) ကျပ်နှင့် အမျိုးသားတစ်ဦးလျှင် (၅,၀၀၀) ကျပ်ရရှိကြပါသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေး အဆင့်အလိုက်တွင် အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိဖွံ့ဖြိုးရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးကြီးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့တို့တွင် အမျိုးသမီးများသာလျှင် ဦးဆောင် ပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီး များ၏အခန်း ကဏ္ဍမှာအားနည်းနေဆဲဖြစ်ပါသည်။

## (၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် -** မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးရေးရာစသော ကဏ္ဍများအတွက် အဖွဲ့များ ရည်ရွယ်ဖွဲ့စည်းထားသော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုအား နည်းသည့်အပြင် စနစ်တကျဆောင်ရွက်တတ်သည့် အလေ့အထ များပါ ကျင့်သုံးနိုင်ခြင်းမရှိ သေးသည်ကိုတွေ့ရှိရပါသည်။ ၎င်းအပြင်မိမိတို့ကျေးရွာသည် နိုင်ငံတော်အစိုးရ လက်အောက်ရှိ ကျေးရွာနှင့်တိုက်ရိုက်သက်ဆိုင်သောဦးစီးဌာနများ (ပညာရေး၊ ကျန်းမာရေး)၊ နိုင်ငံတကာ အဖွဲ့အစည်းများ (NRC, World Vision, PSI) နှင့်ချိတ်ဆက်မှုရှိခြင်းသည်ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပ အကူအညီများကိုရရှိခဲ့ခြင်းပင် ဖြစ်ပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး **ကျေးရွာဖွံ့ဖြိုးရေးကော်မတီ** ကိုကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်း များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ -** ဆယ်အိမ်စုကျေးရွာတွင် ဥယျာဉ်ခြံမြေလုပ်ငန်း ကိုဦးစားပေး လုပ်ကိုင်ကြပြီး မြေယာမဲ့လုပ်သားများကို မှီခိုအားထားရပါသည်။ ရာဘာစိုက် ဧက ရာဘာ (၆၉၂) ဧကရှိ၍ အများစုမှာ အစေ့စိုက်အပင်များသာဖြစ်ပါသည်။ ဒုတိယအများဆုံးစိုက်ပျိုးသော ကွမ်းသီးစိုက်ဧက (၄၆) ဧက ရှိပြီးမိရိုးဖလာစိုက်စနစ်များကို ကျင့်သုံးနေဆဲဖြစ်၍ အထွက်နှုန်းမှာ အသင့်အတင့်သာဖြစ်ပါသည်။ စိုက်ပျိုး

သီးနှံများအတွက်အထွက် နှုန်းကောင်းသောမျိုးများ စမ်းသပ်စိုက်ပျိုးခြင်း၊ အထွက်တိုးနည်းစနစ်များ ကျင့်သုံးခြင်းနှင့် ဈေးကွက်နှင့်ကိုက်ညီသော တင်ပို့ကုန်များ ရောင်းချနိုင်ရေးတို့အတွက် ထပ်တိုးလုပ်ဆောင်ရမည်ဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်းတွင် နွား၊ ကြက်၊ ဝက်နှင့် ဘဲကို မွေးမြူကြပါသည်။ မြို့ဈေးကွက်နှင့်ချိတ်ဆက်ရန် အလှမ်းကွာဝေး၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးစနစ်ကိုသာ ကျင့်သုံးကြပါသည်။ ကျေးရွာတွင်းဈေးကွက်အတွက်သာ ရည်ရွယ်မွေးမြူကြခြင်းဖြစ်သည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ -** ကျေးရွာအတွင်းတွင် အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူမိသားစု နည်းပါးပါသည်။ အိမ်ဆိုင်ငယ် (၃) ဆိုင်သာရှိပြီး၊ ခေါင်းရွက်ဗျက်ထိုးဈေးသည်မရှိပါ။ ဒေသထွက်ကုန်များကို ကုန်ကြမ်းအဖြစ်သာ တိုက်ရိုက်ရောင်းချခြင်းနှင့် ကျပန်းလုပ်ငန်းဖြစ်သည့်ပေါင်းရှင်း၊ ကွမ်းသီးခူး၊ ရာဘာ အစေးခြစ်လုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့်သာ ဝင်ငွေရှာဖွေရပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု -** သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရေဒီယို၊ တီဗွီတို့မှသိရှိရပါသည်။ ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့၊ မည်သည့်ဌာနကမှသင်တန်းပေးခြင်း၊ ကြိုတင် စီမံပေးခြင်းများမရှိပါ။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု -** ဆယ်အိမ်စုကျေးရွာတွင် လယ်စိုက်ပျိုးမှုမရှိ ခြင်းကြောင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေထုတ်ယူနိုင်ခြင်းမရှိပေ။ ကွမ်းသီးနှင့် ရာဘာကဲ့သို့ နှစ်ရှည်ပင်စိုက်ပျိုးသူတောင်သူများအားလည်း နှစ်ရှည်ချေးငွေထုတ်ချေးမည့် အစီအစဉ်များကို နိုင်ငံတော်အစိုးရ သို့မဟုတ် အခြားပုဂ္ဂလိက ချေးငွေဝန်ဆောင်မှုများမှ ရရှိမည်ဆိုလျှင်အထွက်တိုး နည်းစနစ်များသာမက ဈေးကွက်အရည်အသွေးမီစိုက်ပျိုးရေး ထွက်ကုန်များထုတ်လုပ်လာနိုင်မည် ဖြစ်ပါသည်။ ထို့ပြင် မွေးမြူရေးနှင့်အခြားဝင်ငွေရလုပ်ငန်းများအတွက်လည်း သမဝါယမအသင်းကဲ့သို့ ငွေစုငွေချေးအသင်းများ ထူထောင်နိုင်မည့် နည်းလမ်းများလည်းရှာဖွေနေဆဲဖြစ်ပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ဝ့ဝ်ပတ်ဝန်းကျင်သနဝ့ဝ်ရှင်းရေး -** ဆယ်အိမ်စုကျေးရွာတွင် မူလတန်းကျောင်းရှိပြီး ကျောင်းသား(၆၀) ဦးရှိပါသည်။ မူလတန်းအောင်မြင်ပါက တစ်မိုင်ခွဲဝေးသော ထမင်းမစားကျေးရွာရှိ အခြေခံပညာတွဲဖက်အလယ်တန်းကျောင်းတွင် ပညာသင်ကြားရပြီး၊ အထက်တန်းပညာကိုပုလောမြို့တွင်သင်ကြားရပါသည်။ ယခုကာလမှသာ အထက်တန်းနှင့် အလယ်တန်းကျောင်းသားစုစုပေါင်း (၃၀) ဦး ရှိလာပါသည်။ ပထမနှစ်တက်နေသူ တစ်ယောက်ရှိပြီး ဘွဲ့ရတစ်ယောက်သာ ရှိပါသည်။

ဆယ်အိမ်စုကျေးရွာသည် တော၊ တောင်များနှင့် ထိစပ်လျှက်ရှိသောကြောင့် ငှက်ဖျားရောဂါကို အများဆုံးခံစားကြရသည်။ ဝမ်းပျက်ဝမ်းလျောရောဂါကို နွေရာသီနှင့် မိုးဦးကျတို့တွင်အဖြစ် အများဆုံးတွေ့ရသည်။ ကျေးရွာတွင် ကောင်းမွန်စွာလေ့ကျင့် သင်ကြားပေးထား သောကျန်းမာရေးလုပ်သား၊ အရံသားဖွားများမရှိပေ။ တစ်ရွာလုံးအတွက် **သောက်သုံးရေ** ကို World Vision မှ ကူညီပံ့ပိုးမှုဖြင့် သွယ်တန်းထားသော စိမ့်စမ်းရေများမှတဆင့်သော်လည်းကောင်း၊ စာသင်ကျောင်းဝင်းအတွင်းရှိ ရေတွင်းမှသော်လည်းကောင်း ရယူသုံးစွဲကြပါသည်။ ကျေးရွာနံဘေးဖြတ်သန်းစီးဆင်းသော ထမင်းမစားချောင်းမှရေကို သုံးရေ၊ ချိုးရေအဖြစ် သုံးစွဲကြပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု -** ဆယ်အိမ်စုကျေးရွာတွင် လူငယ်ဖွံ့ဖြိုးရေးအတွက် အဓိကလုပ် ဆောင်နေသည့်အဖွဲ့မှာ ကာလသား၊ ကာလသမီးအဖွဲ့ဖြစ်၍ အဖွဲ့ဝင် (၃၀) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ဘုန်းတော်ကြီးကျောင်းကိစ္စရပ်များနှင့် ရပ်ရွာ၏သာရေးနာရေး ကိစ္စရပ်များတွင် တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြပါသည်။ ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းရှိပြီး၊ အဖွဲ့ဝင်(၇၀)ဦး ဖြင့်ဖွဲ့စည်းကာ ရိုးရာယဉ်ကျေးမှု အစဉ်အလာများထိန်းသိမ်းသည့် ပွဲတော်များ ကျင်းပခြင်းစသည်တို့ကို အကောင်အထည်ဖော်ကြပါသည်။

**(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး -** ဆယ်အိမ်စုကျေးရွာတွင် အဓိကအသုံးပြုသောယာဉ်မှာ မော်တော်ဆိုင်ကယ်ဖြစ်ပြီး အသုံးပြုနေသည့်လမ်းမှာ အုပ်စုကျေးရွာဖြစ်သော ထမင်းမစားကျေးရွာနှင့် ဆက်သွယ်ထားသည့် မြေသားလမ်းသာဖြစ်ပါသည်။ ၎င်းမြေသားလမ်းတွင်လည်း တံတား (၃) စင်းရှိ၍ဟောင်းနွမ်း၍ ပျက်စီးစပြုနေပြီဖြစ်ပါသည်။ ထမင်းမစား ကျေးရွာနှင့် ဆက်စပ်၍ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စရပ်များတွင် မှီခိုနေရသည်ဖြစ်ပါသည်။ **သတင်းအချက်အလက်** များကို ရေဒီယို၊ တီဗွီနှင့် တယ်လီဖုန်းများမှတဆင့်ရယူကြပါသည်။ ဆယ်အိမ်စုကျေးရွာတွင် အိမ်ထောင်စု (၁၅) အိမ်တွင် ဆိုလာပြားများ ကိုယ်ပိုင်တပ်ဆင် အသုံးပြုကြပါသည်။ ဒီဇယ်အင်ဂျင် အသုံးပြုသော အိမ်ထောင်စု (၅) အိမ်ရှိပါသည်။ မတတ်နိုင်သော အိမ်များမှာ ဖယောင်းတိုင်၊ ဒီဇယ်မီးအိမ်၊ ဘက်ထရီမီး စသည်တို့ကိုသုံးစွဲနေရသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး -** ပုလောမြို့နယ်တွင် ရဲစခန်းတည်ရှိပါသည်။ ကျေးရွာအတွင်း မိသားစုများကြား သာမန်သဘောထား မတိုက်ဆိုင်မှုများကြောင့်တင်းမာမှုအချို့သာရှိပါသည်။ ကြီးကြီးမားမား မှုခင်းဖြစ်ပွားမှုမရှိပါ။

## (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဆယ်အိမ်စုကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ စုစုပေါင်းမှာ (၁၄၈) ဦးဖြစ်ပြီး ကျား (၇၃) ဦးနှင့် မ (၇၅) ဦး ရှိသောကြောင့် ကျား/မ လုပ်သားအင်အား ညီမျှမှုရှိပါသည်။ လူငယ်များအား ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများထိရောက်စွာ ပံ့ပိုးမှုပေးနိုင်ပါက ကျေးရွာ၏လူ့အရင်းအမြစ်တိုးတက်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများရှိနေပါသည်။

ဆယ်အိမ်စုကျေးရွာ ပတ်ဝန်းကျင်တွင် ခြံစိုက်ဧကတိုးချဲ့နိုင်မည့် အလားအလာများရှိနေပါသည်။ စိမ့်စမ်းရေသွယ်၍ ဆောင်းသီးနှံဖြစ်သည့် ဟင်းသီးဟင်းရွက်များစိုက်ပျိုးနိုင်ပါသည်။ မွေးမြူရန်မြေနေရာ အခက်အခဲမရှိခြင်း၊ အစားအစာများ အလွယ်တကူရရှိနိုင်ခြင်း၊ စားကျက်မြေချဲ့ထွင်နိုင်ခြင်း၊ ရေအရင်းအမြစ် ပေါကြွယ်ဝခြင်း စသည်တို့ကြောင့် မွေးမြူရေးလုပ်ငန်းသည် ဆင်းရဲသောအိမ်ထောင်စုများအတွက် အသင့်တော်ဆုံးဖြစ်နေပါသည်။

ကျေးရွာအတွင်းတွင် ကုန်ချောထုတ်လုပ်နိုင်သော ကုန်ကြမ်းပစ္စည်းများပေါများစွာ ထွက်ရှိနေခြင်းကလည်း ကုန်ချောထုတ်လုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ပြီး ကျေးရွာ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အားတစ်ခုပင် ဖြစ်သည်။

ကျေးရွာတွင် သောက်သုံးရေကို ကျေးရွာရှိအိမ်တိုင်းသို့ စိမ့်စမ်းရေနှင့် ရေတွင်းများမှရရှိပြီး တစ်နှစ်ပတ်လုံး လုံလောက်ပါသည်။ ကျေးရွာမူလတန်းကျောင်းရှိ ကျောင်းသားများအတွက် သောက်သုံးရေကို စိမ့်စမ်းရေအား ပိုက်ဖြင့်သွယ်တန်းခြင်းဖြင့် ကျောင်းဖွင့်သည့်ကာ လတလျောက်လုံး လုံလောက်မှုရှိပါသည်။

ဆယ်အိမ်စုကျေးရွာတွင် ကာလသား၊ ကာလသမီးအဖွဲ့အား(၃၀) ဦးဖြင့်ဖွဲ့စည်းထားပါသည်။ ဘုန်းတော်ကြီး ကျောင်းကိစ္စရပ်များနှင့် အခြားသောဘာသာရေးကိစ္စရပ်များတွင်အလှည့်ကျ တာဝန်ယူဆောင်ရွက်သော အလေ့အထကောင်းများရှိပါသည်။ အမျိုးသမီးငယ်၊ လူငယ်များသည် ရပ်ရွာ၏လူမှုရေးကိစ္စရပ်များတွင် တက်ညီလက်ညီပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိအိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများဖြစ်ကြပြီး ကြီးကြီးမားမားမှုခင်းများ ဖြစ်ပွားမှုနည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ဆယ်အိမ်စုကျေးရွာတွင် ဘွဲ့ရတစ်ဦးနှင့် အထက်တန်းပညာတက်ရောက်သင်ကြားနေသူတစ်ဦးသာ ရှိသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များမှာ လိုအပ်ချက်ရှိနေဆဲဖြစ်ပါသည်။ ဆယ်အိမ်စုကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့် တစ်ခုချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင် အားနည်းမှုရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှုပေးနေသော အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဆက်သွယ်မှုအားနည်းနေဆဲဖြစ်ပါသည်။ မွေးမြူရေးနည်းပညာဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း၊ ရောဂါဖြစ်ပွားမှု ထိန်းချုပ်ရေးနည်းလမ်းများကိုမသိရှိခြင်း၊ အဆင့်မြင့်မွေးမြူရေးနည်းစနစ်များ အားနည်းခြင်း၊ ရင်းနှီးငွေလိုအပ်ခြင်းတို့ကလည်း မွေးမြူရေးလုပ်ကိုင်သူများအတွက် အဟန့်အတားတစ်ရပ်ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ကြသော မိသားစုများမှာအသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှုအားနည်းခြင်း၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များရှိနေဆဲဖြစ်သည်။

ကျေးရွာအတွင်းတွင် စိုက်ပျိုးရေးလုပ်ငန်း၊မွေးမြူရေးလုပ်ငန်းနှင့် အခြားဝင်ငွေရလုပ်ငန်းများအတွက် ချေးငွေထုတ်ချေးပေးသောအဖွဲ့များ ရှိမနေခြင်းကလည်း ချေးငွေရရှိရန် အကန့်အသတ်များရှိနေဆဲဖြစ်သောကြောင့် ကာလရှည်ချေးငွေအကူအညီပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများလိုအပ်နေဆဲဖြစ်ပါသည်။

ကျေးရွာတွင် ကျန်းမာရေးလုပ်သားများမရှိခြင်းကြောင့် ရာသီအလိုက်ဖြစ်ပွားတတ် သောရောဂါများနှင့်ရောဂါလက္ခဏာများကို ကွဲပြားစွာသိရှိနိုင်သည့် ဗဟုသုတများအားနည်းခြင်းကလည်းကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်ရေးတွင် အဟန့်အတားဖြစ်စေနိုင်ပါသည်။

တစ်နှစ်ပတ်လုံး သွားလာမှုခက်ခဲပြီး၊ မိုးရာသီတွင်လမ်းမကောင်းပါ။ ကားသွားလာမှု မလွယ်ကူပါ။ ထမင်းမစားကျေးရွာမှ ဆယ်အိမ်စုရွာသို့ ဆက်သွယ်သောမြေသားလမ်းမှာကြမ်းတမ်းလှပါသည်။ လမ်း၊ တံတားများအဆင့်မြှင့်တင်ရေး၊ ကျေးရွာမီးလင်းရေးအတွက် အလားအလာရှိသော အလှူရှင်များ၊ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်နေပါသည်။

လက်ရှိကာလတွင် ကျေးရွာရှိလူငယ်များအနေဖြင့် သတင်းအချက်အလက်၊ ဗဟုသုတရယူရန် အခွင့်အလမ်းနည်းပါးပါသည်။ အင်တာနက်၊ သတင်း၊ ဂျာနယ်များကို လက်လှမ်းမမီခြင်း၊ ရုပ်မြင်သံကြား ရှိသော်လည်းမီးမရရှိခြင်း၊ စာကြည့်တိုက်မရှိခြင်းတို့ကလူငယ်များ၏သင်ယူလေ့လာခွင့်များကိုဟန့်တားထားပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ဆယ်အိမ်စုကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့်အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ထားခဲ့ကြပါသည်။

## (က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကိုအလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်းရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ရွာလူထုသည် စိုက်ပျိုးရေးထုတ်ကုန် တိုးမြှင့်ထုတ်လုပ်ခြင်း၊ မွေးမြူရေးများတိုးတက်လုပ်ကိုင်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၂) လူငယ်များအား ပညာတတ်မြောက်မှုပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာရမည်။

(၃) ရွာလူထုသည် ကျေးရွာမီးလင်းရေးဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရမည်။

## (ခ) နည်းဗျူဟာ

လက်တွေ့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စီမံချက်များကိုအောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကိုကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟုယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ဝင်ငွေတိုးတက်လာစေရန်အတွက် လိုအပ်သောသွင်းအားစုများ ထည့်သွင်း ခြင်း၊ အပင်ပြုစုခြင်းနှင့် အထွက်နှုန်းကောင်းပြီး၊ အရည်အသွေးကောင်းသော ကွမ်းသီးမျိုးများကိုသာဦးစားပေးစိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးနည်း ပညာများ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းများအတွက် မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ပါသည်။

(၂) ဒေသအတွင်း ဖြစ်ပေါ်နေသော ရာဘာဈေးကွက်ကိုနားလည်ပြီး ဈေးကွက်မှ တောင်းဆိုသော အရည်အသွေးကို ထုတ်လုပ်ပေးနိုင်ရန်အတွက် လိုအပ်သော သွင်းအားစုများနှင့်နည်းပညာများစနစ်တကျသုံးစွဲနိုင်ရန် မြို့နယ်စက်မှုသီးနှံဦးစီးဌာန၊ ပုလောမြို့နယ်ရာဘာစိုက်ပျိုးထုတ်လုပ် သူများအသင်းတို့နှင့်ချိတ် ဆက်လုပ်ဆောင်ရန်လိုအပ်နေပါသည်။

(၃) လယ်သမားငယ်များနှင့် ကျပန်းမိသားစုများအား မွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေရရှိစေရန် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် တိရစ္ဆာန်ရောဂါ ကာကွယ်ရေး အစီအမံများ လုပ်ဆောင်ခြင်း၊ ကျေးလက်မွေး မြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသောခေတ်မီသော မွေးမြူရေးနည်းပညာသင်တန်းများ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန်လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် ဒေသတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန်၊ အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များ ဈေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှကုန်ချောထုတ်လုပ်သော နည်းပညာများရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှုရရှိရန် လိုအပ်နေပါသည်။

(၅) ကျေးရွာအတွင်းတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အခြားဝင်ငွေရလုပ်ငန်းများအတွက် အရင်းအနှီးလုံလောက်မှုမရှိသောကြောင့် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့်

ချိတ်ဆက်ဆောင် ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပါမည်။

(ဖ) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရန်ဝေးကွာသဖြင့် လတ်တလောကာလတွင် အဆင်ပြေနိုင်မည့်ဆိုလာပြားများအားအိမ်တိုင်းစေ့တပ် ဆင်နိုင်ရေးအတွက် ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်နှင့် ဆိုလာပြားများ ထောက်ပံ့ပေးနိုင်မည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန် အရေးတကြီးလိုအပ်နေပါသည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲနိုင်ရန်နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များ ကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ် တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟုမျှော်လင့်ပါသည်။

### (ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

ဆယ်အိမ်စုကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်းအဓိကဖြစ်ပါသည်။ ကျေးရွာများတွင်ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ(ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက် ပေးနေသောကြောင့် ဆယ်အိမ်စုကျေးရွာရှိ အခြားသီးနှံ (ဥပမာ - ရာဘာ၊ ကွမ်းသီး) စိုက်ပျိုးသူ၊ တောင်သူများအတွက်လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ နှစ်ရှည်သီးနှံ ဦးစားပေးစိုက်ပျိုးသောဒေသဖြစ်သည့် အားလျော်စွာ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ထို့ကြောင့် ကျေးရွာသူ/သားများ လိုအပ်သောချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာသတ်မှတ်ချက်များကိုလျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီပြောင်းလဲသင့်ပါသည်။

### (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာနှင့် ဈေးကွက်အတွက်အထောက်အပံ့များဖြည့်ဆည်းပေးခြင်း

ဆယ်အိမ်စုကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ခုမှာစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ ဈေးကွက်ဆိုင်ရာသဘောသဘာဝများသိရှိမှုအားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သောထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင်ဖြစ်သည်။ ရန်ကုန်-မြိတ် ကားလမ်းမနှင့် (၁.၅) မိုင် သာဝေးသောအားသာချက်ကိုအမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန်

ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြအထောက်အပံ့ပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အခြားသက် ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါလှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သော လုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဂန်ဆောင်မှုလုပ်ငန်းများစသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဈေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်တိုးတက်လာစေပါမည်။

ကျေးရွာအတွင်းနှင့် ပုလောမြို့တို့တွင် ဒေသထွက်ကုန်ကြမ်းများကိုသာရောင်းချမည့် အစားအရည် အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန်နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်း ကလည်း ကျေးရွာရှိလူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာအသုံးချနိုင်ရုံမက ဒေသတွင်းတစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ဝင်ငွေရရှိမှုကို မြင့်မားလာစေမည်ဖြစ်ပါ သည်။ ထို့နောက် တွင်ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ များပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများ တွင်ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ပြန်လာ၍ လုပ်ကိုင်နိုင်မည့်အခွင့်အလမ်း များတိုးတက် လာစေပြီး မိသားစုများပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်းနှင့်ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာ စေပြီးဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်ပေမည်။

### (၈) ဦးစားပေးစီမံချက်များနှင့်ဝင်ငွေ အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာ များအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်းငါးနှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလို အပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

### (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထား သည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု(၂-၃) နှစ်ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစား ပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီးလုပ် ဆောင်ရန်လိုအပ်လာပါမည်။ ဆိုးရွားသောသဘာဝဘေးအန္တရာယ် သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များအားရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည် ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စ များနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ငါးနှစ်တာအတွက် ရေးဆွဲထားသောဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်** ကိုပြင်ဆင်ရမည် ဖြစ်ပါသည်။

## (ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများ အတွက်၎င်းတို့နှင့်သက်ဆိုင်သောစီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံချက် နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက် တွင် (ဥပမာ - စိုက်ပျိုးရေး၊လျှပ်စစ်ကဏ္ဍစသည်)၊(ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင် သည်စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစား ဖြစ်သည် ကိုဖော်ပြခြင်းဖြစ်ပါသည်။

(၁) သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ– လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ် စရိတ်၊ ဌားရမ်းခ စသည်များ၊

(၂) ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေ ဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၃) စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၄) လူသားချင်းစာနာမှု အထောက်အပံ့ (Humanitarian Support)

## (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင်ဆောင်ရွက် သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါ သည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက် အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***လမ်းပန်းဆက်သွယ်ရေး*** | | | | | |
| **လမ်း၊ တံတား ကောင်းမွန် လာစေရေး** | ပို့ဆောင်ရေးအခြေခံအဆောက်အဦများ တိုးတက်လာစေရေး | ၉၄ | ၁ | • လမ်း၊တံတားကော်မတီဖွဲ့ စည်းခြင်း<br>• ကွန်ကရစ်/ ကတ္တရာလမ်း (၁.၅)မိုင်ဖောက်လုပ်ခြင်း။<br>• သံကူကွန်ကရစ်တံတား(၃)စင်းတည်ဆောက်ရေး။<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦး စီးဌာနသို့တင်ပြခြင်း | • ကျေးလက် ဦးစီး |
| ***လျှပ်စစ်စွတ်အားသုံးစွဲရေး*** | | | | | |
| **လျှပ်စစ်မီးရရှိရေး** | ကျေးရွာမီးလင်းရေးအတွက်ဆိုလာပြား များတပ်ဆင်အသုံးပြုရန်အကောင်အ ထည်ဖော်ရေး။ | ၉၁ | ၂ | • ကျေးရွာမီးလင်းရေးကော်မတီ ဖွဲ့စည်းရန်။<br>• ပြင်ပမှလုပ်ငန်းရှင်များအားဖိတ်ခေါ်စေရန်။<br>• အစိုးရဌာနများနှင့်ချိတ်ဆက်တောင်းဆိုစေရန်။ | • ကျေးလက် ဦးစီး |
| ***ပညာရေး*** | | | | | |
| **ကလေးပညာရေး ဖွံ့ဖြိုးရေး** | ကျေးရွာ၏ပညာတတ်မြောက်မှု တိုးတက်ရေး | ၈၇ | ၃ | • ကျောင်းအိမ်သာ၊ ကျောင်းပရိဘောဂများ ဆောက်လုပ် ဖြည့်တင်းခြင်း။<br>• စာသင်ကျောင်းဆောင်တိုးချဲ့ခြင်း။<br>• ရေတွင်းအကာအခင်းပြုလုပ်ခြင်းနှင့်ရေစင် တည်ဆောက်ခြင်း။ | • |
| ***ကျန်းမာရေး*** | | | | | |
| **ကျန်းမာရေး တိုးတက်လာစေ ရေး** | ကျေးရွာ၏ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | ၈၃ | ၄ | • ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း<br>• ကျန်းမာရေးဝန်ထမ်းများ တောင်းခံခြင်း အတွက်တင်ပြခြင်း<br>• ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီမှု တိုးတက်ရေး<br>• ကျန်းမာရေး အသိပညာပေးဟောပြောပွဲများစီ စဉ်ခြင်း | • |
| ***ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း*** | | | | | |

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **ချေးငွေ လက်လှမ်း မီရေး** | လုံလောက်သောပမာဏနှင့်သင့်တင့်သောအတိုးနှုန်းဖြင့်ကာလရှည်ချေးငွေပေးနိုင်မည့်အဖွဲ့များအားလက်လှမ်းမီရေး | ၈၂ | ၅ | • ချေးငွေရရှိရန်ချေးငွေဌာနများနှင့်ချိတ်ဆက်ခြင်း<br>• ချေးငွေအတွက် လိုအပ်သောအထောက်အထားများပြင်ဆင်ခြင်း | • ကျေးလက် ဦးစီး |
| ***အခြားဝင်ငွေရလုပ်ငန်းများ*** | | | | | |
| **သင်တန်း၊စီးပွားရေးလုပ်ငန်းများနှင့်ချိတ်ဆက်ခြင်း** | အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး | ၇၅ | ၆ | • အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းပေးခြင်း၊<br>• အသေးစားကုန်ထုတ်လုပ်သူများအဖွဲ့ဖွဲ့စည်းရေးနှင့်အကောင်အထည်ဖော်ရေး။<br>• ကုန်ချောထုတ်လုပ်ခြင်းနည်းပညာတိုးတက်ဖွံ့ဖြိုးရေး၊ဈေးကွက်ထိုးဖောက်မည့်အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့်လုပ်ငန်းအကောင်အထည်ဖော်ခြင်း | • ကျေးလက် ဦးစီး |
| ***စိုက်ပျိုးရေးကဏ္ဍ*** | | | | | |
| | စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ၊ ကျွမ်းကျင်မှုများတိုး တက်ရေး | ၇၃ | ၇ | • လိုအပ်သောနည်းပညာများအတွက်သင်တန်းများပြုလုပ်ခြင်း။ | • |
| **အခြေခံအဆောက်အဦးနှင့် နည်းပညာသင်တန်း** | ရာဘာခြံလုပ်ငန်းမှအကျိုးအမြတ်ပိုမိုရရှိရေး | ၇၀ | ၈ | • လိုအပ်သောနည်းပညာများအတွက်သင်တန်းများပြုလုပ်ခြင်း။<br>• ရာဘာခြံလုပ်ငန်းမှ အကျိုးအမြတ်ပိုမိုရရှိရေး<br>• ဈေးကွက်နှင့် သတင်းချိတ်ဆက်လုပ်ဆောင်မှုပြုလုပ်ခြင်း၊<br>• မြို့နယ်ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ စက်မှုသီးနှံဦးစီးဌာနစသည်တို့နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | • |
| ***အုပ်ချုပ်ရေး ကဏ္ဍခွဲ*** | | | | | |
| ***အုပ်ချုပ်ရေးကဏ္ဍတိုးတက်မှု*** | အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစွမ်းရည်မြှင့်တင်ပေးရေး | ၆၈ | ၉ | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းဆောင်ရွက် ခြင်း<br>• အလုပ်အမှုဆောင်ကော်မတီများဖွဲ့စည်းခြင်း | • ကျေးလက် ဦးစီး |

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | • ခေါင်းဆောင်မှုနှင့် ငွေကြေးစီမံခန့်ခွဲမှုသင်တန်းများစီစဉ်ခြင်း<br>• အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများ | |
| ***တိရစ္ဆာန် မွေးမြူရေး*** | | | | | |
| **ဈေးကွက်နှင့် နည်း ပညာ သင်တန်း** | မွေးမြူရေးနည်းပညာဂန်ဆောင်မှုနှင့် သင်တန်းများစီစဉ်ပေးရေး | ၆၀ | ၁၀ | • နည်းပညာဂန်ဆောင်မှုနှင့် သင်တန်းများပံ့ပိုးပေး ခြင်းဖြင့် မွေးမြူရေးထွက်ကုန်မြင့်မားစေခြင်း။<br>• မြို့နယ်မွေးကုဋ္ဌာနနှင့် ချိတ်ဆက်ခြင်း<br>• မွေးမြူရေးထုတ်လုပ်ရေးအတွက်ဈေးကွက်ချဲ့ ထွင်မှုရရှိရန် လုပ်ဆောင်ခြင်း | • |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကိုနှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | ပို့ဆောင်ရေးအခြေခံအဆောက်အဦများတိုးတက်လာစေရေး၊ | ၁ | ✔ | ✔ | ✔ | ✔ | |
| ၂ | ကျေးရွာမီးလင်းရေးအတွက် ဆိုလာပြားများတပ်ဆင် အသုံးပြုရန်အကောင်အထည်ဖော်ရေး၊ | ၂ | ✔ | ✔ | | | |
| ၃ | ကျေးရွာ၏ပညာတတ်မြောက်မှု တိုးတက်ရေး၊ | ၃ | ✔ | ✔ | ✔ | ✔ | ✔ |
| ၄ | ကျေးရွာ၏ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး၊ | ၄ | ✔ | ✔ | | | |
| ၅ | လုံလောက်သောပမာဏနှင့် သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့် အဖွဲ့များအားလက်လှမ်းမီရေး၊ | ၅ | ✔ | ✔ | | | |
| ၆ | အလုပ်အကိုင်အခွင့်အလမ်းများ ပြားလာစေရေး၊ | ၆ | ✔ | ✔ | ✔ | | |
| ၇ | စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ၊ကျွမ်းကျင်မှုများတိုးတက်ရေး၊ | ၇ | ✔ | | ✔ | | ✔ |
| ၈ | ရာဘာခြံလုပ်ငန်းမှအကျိုးအမြတ် ပိုမိုရရှိရေး၊ | ၈ | ✔ | ✔ | | | |
| ၉ | အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစွမ်းရည်မြှင့်တင် ပေးရေး၊ | ၉ | ✔ | ✔ | | | |
| ၁၀ | မွေးမြူရေးနည်းပညာဂန်ဆောင်မှုနှင့်သင်တန်းများ စီစဉ်ပေးရေး၊ | ၁၀ | ✔ | ✔ | | | |

### (င) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကိုဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက်အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊ စီမံချက်အကောင်အထည်ဖော်

ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။ စီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီးနှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင်နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်သည်။

အောက်ပါဇယားတွင်ဖော်ပြထားသော စီမံချက်အလိုက်ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား(မဟုတ်သော) ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည်)

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (ကျပ်) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ပို့ဆောင်ရေးအခြေခံအဆောက်အဦများတိုးတက်လာစေရေး | | | | | |
| ၂ | ကျေးရွာမီးလင်းရေးအတွက်ဆိုလာပြားများတပ်ဆင်အသုံးပြုရန်အကောင်အထည်ဖော်ရေး | | | | | |
| ၃ | ကျေးရွာ၏ပညာတတ်မြောက်မှုတိုးတက်ရေး | | | | | |
| ၄ | ကျေးရွာ၏ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး | | | | | |
| ၅ | လုံလောက်သောပမာဏနှင့်သင့်တင့်သော အတိုးနှုန်းဖြင့်ကာလရှည်ချေးငွေပေးနိုင်မည့်အဖွဲ့များအားလက်လှမ်းမီရေး | | | | | |
| ၆ | အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး | | | | | |

| စဉ် | စီမံချက် | ရန်ပုံငွေ (ကျပ်) | သာမန်အသုံးစရိတ် | ရင်းနှီးမြှုပ်နှံမှုအရအသုံးစရိတ်မှတ်ခြင်း(ကျပ်) | | |
|---|---|---|---|---|---|---|
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၇ | စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ၊ ကျွမ်းကျင်မှုများတိုးတက်ရေး | | | | | |
| ၈ | ရာဘာခြံလုပ်ငန်းမှအကျိုးအမြတ်ပိုမိုရရှိရေး | | | | | |
| ၉ | အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစွမ်းရည်မြှင့်တင်ပေးရေး | | | | | |
| ၁၀ | မွေးမြူရေးနည်းပညာဝန်ဆောင်မှုနှင့်သင်တန်းများစီစဉ်ပေးရေး။ | | | | | |

## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင် ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင် သောအကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ် ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်နီးနီး ကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက် ခံခြင်းတို့ဆောင်ရွက်မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ ၏ ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြု ပြင်ထိန်းသိမ်းရေးအတွက်လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့်ဆောင်ရွက်ပါမည်။

## (၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ဆယ်အိမ်စုကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင်တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress)နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကိုစနစ်တကျကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံချက်လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline)ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့်အညွှန်းကိန်း(indicator)များဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၎င်းတို့၏ကြီး ကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များ အပေါ် ဦးတည်ပါမည်။

**လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

**ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင်ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ် ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအိုအဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများ ထံမှအကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြု ပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလ တွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရေး အထောက်အကူပြုဇယားများ

### ၁။ ဆယ်အိမ်စုကျေးရွာ၏ လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၄ | ၅ | ၉ | ၃.၁၇% | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၁၄ | ၁၇ | ၃၁ | ၁၀.၉၂% | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၂၆ | ၂၃ | ၄၉ | ၁၇.၂၅% | မူလတန်းကျောင်းသား အရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၁၆ | ၁၆ | ၃၂ | ၁၁.၂၇% | အလယ်တန်းကျောင်း သားအရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၇၃ | ၇၅ | ၁၄၈ | ၅၂.၁၁% | အလုပ်လုပ်နိုင်သည့် အရွယ် |
| ၆၀ နှစ်နှင့်အထက် | ၉ | ၆ | ၁၅ | ၅.၂၈% | သက်ကြီးရွယ်ကြီး |
| စုစုပေါင်း | ၁၄၂ | ၁၄၂ | ၂၈၄ | ၁၀၀ | |
| စုစုပေါင်းအိမ်ထောင်စု =၅၆ | | | ၅.၁ ဦး / အိမ်ထောင်စု | | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါသည်။

ဆယ်အိမ်စုကျေးရွာတွင် အိမ်ခြေပေါင်း (၅၆) အိမ်ရှိပြီး၊ လူဦးရေစုစုပေါင်း (၂၈၄) ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦးရှိပါသည်။ အလုပ်လုပ်နိုင်သူဦးရေမှာ (၅၂.၁၁) % ရှိပြီး၊ မှီခိုသူဦးရေမှာ (၄၇.၈၉) % ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၁) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅)ဦးနှုန်းနှင့် ကိုက်ညီမှုရှိပါသည်။ ကျေးရွာအတွင်းအလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့်လူသားအရင်းအမြစ်ကောင်းအဖြစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ထောက်ပံ့မှုပေးနိုင်ပါသည်။

### (၁.၂ )အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိကအလုပ် အကိုင် အိမ်ထောင်စု | % | တွဲဖက်အ လုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄၂ | ၇၅ % | ၀ | ဥယျာဉ်ခြံ၊ ရာဘာခြံ (၅၀) လယ်သမားငယ် - ၈၊ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၄ | ၂၅ % | ၀ | မြေယာမဲ့များ - ၆တို့သည် ကျေးရွာ၏ စိုက်ပျိုးရေး လုပ်ငန်းတွင်ရာသီအလိုက်လုပ်ကိုင်ကြသူများ ဖြစ်ကြသည်။ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂ | ***တိရစ္ဆာန် မွေးမြူရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၂၃ | အဓိကအလုပ်အကိုင်မှာစိုက်ပျိုးရေးလုပ် ငန်းနှင့် ကျပန်းလုပ်ကိုင်သူများ ဖြစ်ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင်လုပ်အား | ၀ | ၀ | ၀ | |
| ၃ | ***ငါးဖမ်းလုပ်ငန်း*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၄ | ***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင်လုပ်အား | ၀ | ၀ | ၀ | |
| ၅ | ***ထုတ်ကုန်လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင်လုပ်အား | ၀ | ၀ | ၀ | |
| ၆ | ***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင်လုပ်အား | ၀ | ၀ | ၀ | |
| ၇ | ***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင်လုပ်အား | ၀ | ၀ | ၀ | |
| ၈ | ***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၉ | ***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၀ | ***လက်လီ-လက်ကား ရောင်းဝယ်ရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၃ | ဈေးဆိုင် - ၃ (အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေး - ၃ ဦး ဖြစ်ပါသည်)။ |
| | အလုပ်သမား၊ ကျပန်း၊ | ၀ | ၀ | ၀ | |

| | | | | | |
|---|---|---|---|---|---|
| | ရာသီအလိုက် အလုပ် သမား<br>မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၁ | ***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊<br>ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၂ | ***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊<br>ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၃ | ***ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊<br>ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၄ | ***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊<br>ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၅ | ***ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့်ဝ့ဝ် ဘေးကင်းလုံခြုံ ရေး)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊<br>ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၆ | ***ပညာရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊<br>ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၁ | (အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေး - ၁ ဦး ဖြစ်ပါသည်)။ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၇ | ***ကျန်းမာရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊<br>ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၈ | ***လူမှုရေး လုပ်ငန်းများ*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊<br>ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၉ | ***အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |

| | | | | |
|---|---|---|---|---|
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ |
| ၂၀ | ***ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ*** | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ |
| | ***စုစုပေါင်း*** | **၅၆** | **၁၀၀** | **၂၇** |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူ ပါသည်။

ဆယ်အိမ်စုကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေစုစုပေါင်းမှာ (၁၄၈) ဦးဖြစ်ပြီး ကျား (၇၃) ဦးနှင့် မ(၇၅) ဦးရှိသောကြောင့် ကျား၊ မလုပ်သားအင်အားညီမျှမှုရှိပါသည်။ အများစုမှာ ဥယျာဉ်ခြံစိုက်ပျိုးကြပြီး၊ ကျပန်းလုပ်သားအချို့မှာ ကျေးရွာရှိကွမ်းသီးခြံ၊ ရော်ဘာခြံများ၌ အလုပ်လုပ်ကြပါသည်။ တစ်နေ့လျှင် လုပ်အားခ (၄,၀၀၀) ကျပ်ခန့်ရရှိပါသည်။ ဥယျာဉ်ခြံလုပ်ငန်းကို အဓိကထားလုပ်ကိုင်သူ အိမ်ထောင်စု (၅၀) စု ရှိပြီး စုစုပေါင်း အနည်းဆုံး (၁) ဧက မှ (၂၀) ဧကအထိ ပိုင်ဆိုင်ပါသည်။ ကျပန်းလုပ်သားများမှာ ရာဘာခြံ များတွင် အလုပ်လုပ်ကိုင်ရပြီး၊ အမျိုးသားတစ်ဦး လုပ်အားခ (၅,၀၀၀) ကျပ်နှင့် အမျိုးသမီး တစ်ဦးလုပ်အားခ (၄,၀၀၀) ကျပ်ရရှိပါသည်။

### (၁.၃ )သဘာဝ အရင်းအမြစ်များ

### (၁.၃.၁ )စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | | | | |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | ၇၃၈ | ကောင်း | မရ | မလို |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ရွှေ့ပြောင်း တောင်ယာ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | **၇၃၈** | | | |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှ ရယူပါ သည်။

**မှတ်ချက်**။ ရေရှိသည့်နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

ဆယ်အိမ်စုကျေးရွာတွင် ဆည်ရေသောက်မလိုအပ်ပါ။ သဘာဝမိုးရေဖြင့်သာ နှစ်ရှည်ပင်များ စိုက်ပျိုးကြသည်။ ရာဘာ၊ ကွမ်းသီးစိုက်ပျိုးခြင်းကို အဓိကထားကာ ဒညင်း၊ မင်းကွတ်၊ ကြက်မောက်၊ ဒူးရင်း အနည်းငယ်စိုက်ပျိုးကြသည်။ မြေယာပိုင်ဆိုင်မှုများပြားပြီး၊ ချဲ့ထွင်ရန် ဧရိယာ မရှိတော့ပါ။ ခြံစိုက်ဧက (၇၃၈) ရှိပြီး၊ ကွမ်းသီး (၄၆) ဧက၊ ရာဘာ (၆၉၂) ဧကရှိ ပါသည်။

### (၁.၃.၂ ) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည်ဖြင့် | မရှိ | လက်လှမ်းမမီ |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | များ | ခက် |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | အပင်မျိုးစိတ်များ စုံလင်စွာ ရှိပါသည်။ | လက်လှမ်းမီပါသည်။ |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

ကျေးရွာတွင် သဘာဝတောများလည်း နည်းပါးသွားပါသည်။ ကျားသစ်၊ ဝက်ဝံအနည်းငယ်ရှိပြီး၊ ချေ၊ ဒရယ်၊ တောဝက်၊ တောခွေးစသော တိရစ္ဆာန်မျိုးစိတ်များနှင့် ငှက်မျိုး စိတ်များ အသင့်အတင့်ရှိပါသေးသည်။ သစ်ပင်မျိုးစိတ်များ စုံလင်စွာရှိနေပါသေးသည်။ မြက်မျိုးများနှင့်တကွ ဆေးဖက်ဝင်အပင်မျိုးစိတ်များရှိပါသည်။ သစ်တောထွက်ပစ္စည်း ရောင်းဝယ်ဖောက်ကားမှု ရှိပါသည်။ သစ်တောထွက်ပစ္စည်းများအဖြစ် ဖာလာသီးစေ့၊ ကြိမ်သီးတို့ ဖြစ်ပါသည်။ (ဥပမာ- ဖာလာသီးအစို (၁) ပိဿာ (၃,၀၀၀) ကျပ်၊ ကြိမ်သီးအစို (၁) ပိဿာ (၄,၀၀၀) ကျပ်စသည်)

### (၁.၄) ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ရာဘာ၊ကွမ်းသီး ခြံ(၄၀)ဧကအထက်ရှိ။ | ရာဘာ၊ကွမ်းသီး ခြံ (၂၀ မှ ၄၀) ဧက အကြားရှိ။ | ရာဘာ၊ကွမ်းသီး ခြံ (၅ မှ ၂၀) ဧက အကြားရှိ။ | ရာဘာ၊ကွမ်းသီး ခြံအနည်းငယ်ရှိ |
| အိမ်အခြေအနေ | နှစ်ထပ်အိမ်၊ သွပ်မိုး၊သစ်ချောခင်း၊အုတ်ကာ၊ ကွန်ကရစ်ခင်း။ | နှစ်ထပ်အိမ်၊ သွပ်မိုး၊သစ်ချောခင်း၊ သစ်ချောကာ၊ အောက်ထပ်အုတ်ကာ။ | နှစ်ထပ်အိမ် (သို့)တစ်ထပ်အိမ်၊တောင်ထန်းမိုး၊ သစ်ခင်း၊ တောင်ထန်းကာ။ | တစ်ထပ်အိမ်၊ တောင်ထန်းမိုး၊ ဝါးခင်း၊တောင်ထန်းကာ ။ |
| လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု | သစ်ဖြတ်စက်ရှိ၊ဆိုင်ကယ်ရှိ၊ မြက်ဖြတ်စက်ရှိ | သစ်ဖြတ်စက်ရှိ၊ဆိုင်ကယ်ရှိ၊ မြက်ဖြတ်စက်ရှိ | ဆိုင်ကယ်ရှိ၊ မြက်ဖြတ်စက်ရှိ | မပိုင်ဆိုင်။ |
| ကုန်ထုတ်လုပ်မှုနှင့်မဆိုင်သော ပိုင်ဆိုင်မှု | အိမ်ထောင်ပရိဘောဂပြည့်စုံ၊တီဗွီရှိ၊ဆိုလာ ပြားရှိ။ | အိမ်ထောင်ပရိဘောဂပြည့်စုံ၊တီဗွီရှိ ၊ဆိုလာရှိ။ | အိမ်ထောင်ပရိဘောဂမပြည့်စုံ။ | အိမ်ထောင်ပရိဘောဂမပြည့်စုံ။ |

| | | | | |
|---|---|---|---|---|
| အဓိကစီးပွားရေး လုပ်ငန်း၊တနှစ် ဝင်ငွေ | ဥယျာဉ်ခြံ၊ကုန်စုံ ဆိုင်၊တနှစ်ဝင်ငွေ(၆ ၀) သိန်း အထက်ရှိ။ | ဥယျာဉ်ခြံ၊ အိမ် ဆိုင်၊တနှစ်ဝင်ငွေ(၃ ၀)သိန်းအထက်ရှိ။ | ဥယျာဉ်ခြံ၊တနှစ် ဝင်ငွေ(၁၀)သိန်း မှ (၁၅) သိန်းရှိ။ အကြွေးရှိ။ | လက်လုပ် လက်စား၊တစ် နှစ်ဝင်ငွေ (၅) သိန်းမှ(၈) သိန်း ရှိ။ အကြွေးရှိ။ (စားကြွေး) |
| အခြားပိုင်ဆိုင်မှု | မီးစက်ရှိ၊ရွှေ ထည်ရှိ | မီးစက်ရှိ၊ရွှေ ထည်ရှိ | - | - |
| | **၁ အိမ် (၁.၇၉%)** | **၁၁ အိမ် (၁၉.၆၄%)** | **၃၀ အိမ် (၅၃.၅၇%)** | **၁၄ အိမ် (၂၅.၀၀%)** |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၀ | ၀ | - |
| ၃ လ နှင့် ၅ လ အထိ | ၃၇ | ၆၆% | လုပ်အားခကြိုရောင်းခြင်း၊ ဈေးဆိုင်အိမ်တွင် အကြွေးခံကာ စားသုံးရခြင်း |
| ၆ လ မှ ၁၂ လ အထိ | ၄ | ၇% | လုပ်အားခကြိုရောင်းခြင်း၊ ဈေးဆိုင်အိမ်တွင် အကြွေးခံကာ စားသုံးရခြင်း |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှ ရရှိသောသတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) နှင့် ဝမ်းစာဖူလုံမှု ဆန်းစစ်ချက် ရလဒ်မှရယူသည်။

တောင်ယာစပါး အနည်းငယ်သာစိုက်ပျိုးသောကြောင့် ဆန်ကိုအပြင်မှဝယ်စားကြပါသည်။ ခြံပိုင်ဆိုင်သူများမှာရာဘာ၊ ကွမ်းသီးစသော သီးနှံများရောင်းချပြီး ဆန်ကို (၁-၂ လ) စာသိုလှောင်၍ စားသုံးကြပါသည်။ မြေယာမဲ့ကျပန်းသမားများမှာ လုပ်အားခကြိုရောင်းခြင်း၊ ဈေးဆိုင်အိမ်တွင်အကြွေးခံကာ စားသုံးရခြင်းတို့ကြောင့်များစွာ ထိခိုက်နစ်နာလှပါသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀ နှစ်နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | ၉ | ၆ | ၁၅ |
| မသန်စွမ်းသည့်ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ | - | - | - |

| | | အိမ်ထောင်စု အရေအတွက် |
|---|---|---|
| အမျိုးသမီးဦးဆောင် သော အိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ(သို့) မများ။ | ၆ |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | - |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသူ | - |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ (၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

ကျေးရွာအတွင်းရှိ ထိခိုက်လွယ်သောမိသားစု၊ ပုဂ္ဂိုလ်များမှာ အမျိုးသမီးဦးဆောင် သောအိမ်ထောင်စု များနှင့် မြေယာမဲ့၊ ကျပန်း၊ နေ့စားအိမ်ထောင်စုများဖြစ်ပြီး ကျေးရွာအိမ်ထောင်စု၏(၄၀%) နီးပါးဖြစ်ကြပြီး၊ စားကြွေးတင်နေကြသူများလည်းဖြစ်ပါသည်။ ရာသီချိန်မတိုင်မီ အကြွေးယူစားသုံးနေရပြီး၊ အလုပ်ချိန်ရောက်လာလျှင် လုပ်အားဖြင့်ပြန်လည် ပေးဆပ်ရသော အိမ်ထောင်စုများလည်း ဖြစ်ကြပါသည်။ အခြားဝင်ငွေရ၊ အသက်မွေးဝမ်းကျောင်းအလုပ်များလုပ်ရန် အခက်အခဲများကြောင့် စီးပွားရေးထိခိုက်မှုများဖြစ်ပါကရပ်တည် ရန်ခဲယဉ်းသဖြင့် ထိခိုက်လွယ်သူများ ဖြစ်ကြပါသည်။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | စိုက်ပျိုးမြေများမှာစပါးစိုက်နိုင်မှုအလွန်နည်း |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...) | နိမ့် | |
| ၃ | ရေကြီးခြင်း | နိမ့် | |
| ၄ | မိုးခေါင်ခြင်း | နိမ့် | |
| ၅ | မုန်တိုင်း | နိမ့် | |
| ၆ | လေျှင် | နိမ့် | |
| ၇ | မီးဘေး | နိမ့် | နွေရာသီ၌တောမီးဖြစ်ပေါ်လေ့ရှိ |
| ၈ | ဆားငန်ရေဝင်မြေ | | မရှိပါ။ ကုန်းတွင်းရွာဖြစ်။ |
| ၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက် ယွင်းမှု | နိမ့် | - |
| ၁၀ | သစ်တောပြုန်းတီးခြင်း | လတ် | လူနေတဖြေးဖြေးထူထပ်လာခြင်းကြောင့် သစ်တောပြုန်းတီးခြင်း ဖြစ်ပေါ်လာနိုင် |
| ၁၁ | ငှက်ဖျားရောဂါ | လတ် | တောတောင်ထူထပ်သောဒေသ ဖြစ်၍ရောဂါဖြစ်ပွားသူဦးရေများ |
| ၁၂ | တီဘီရောဂါ | လတ် | ရောဂါဖြစ်ပွားသူ (၅) ဦးရှိ |
| ၁၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | - |
| ၁၄ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP) | - | မရှိပါ။ |
| ၁၅ | လူကုန်ကူးခြင်း | - | မရှိပါ။ |
| ၁၆ | ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | နိမ့် | ပုလောနှင့် ထားဝယ်ဆက်သွယ်သောကားလမ်းမှ (၁) မိုင်ခန့်မြေသားလမ်း |
| ၁၇ | အခြား | - | မရှိပါ။ |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ (၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

## (၁.၅.၄ ) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | - |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | အရေးကြုံလာပါကအခြားအိမ်ထောင်စုများကဲ့သို့ပြင်ပတွင်ထွက်၍အလုပ်လုပ်ကိုင်ရန်မလွယ်ကူပါ။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | ကုန်ဈေးနှုန်းအတက်အကျအပြောင်းအလဲကြောင့်ထိခိုက်မှုများပါသည်။ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသ | နိမ့် | |
| ၅ | မြစ်ကမ်းဘေးနေလူထု | | မရှိ။ |
| ၆ | မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) | | မရှိ။ |
| ၇ | ပြည်တွင်းနေရပ်စွနှ်ပ်ခွါရွှေ့ပြောင်းခံရသူများ(IDP) | | မရှိ။ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | |
| ၉ | ငါးကန်ပိုင်ရှင် | | မရှိ။ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | နေ့စဉ်ပုံမှန်အလုပ်မရှိ။ ကုန်ဈေးနှုန်းအတက်အကျအပြောင်းအလဲကြောင့်ထိခိုက်မှုများပါသည်။ |
| ၁၁ | လူနည်းစုလူမျိုးများ | | မရှိ။ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာ | | မရှိ။ |
| ၁၃ | နယ်စပ်ဒေသ | | မရှိ။ |
| ၁၄ | ရွှေတွင်းလုပ်သား | | မရှိ။ |
| ၁၅ | ဆေးစွဲသူများ | | မရှိ။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | | မရှိ။ |
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | |
| ၁၉ | ကားသမား | | မရှိ။ |
| ၂၀ | အခြား | | |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

ဘေးအန္တရာယ်တစ်ခုခုနှင့်ကြုံတွေ့ပါက အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများသည် ပြင်ပနေရာဒေသများသို့ထွက်၍ အလုပ်လုပ်ကိုင်ရန် မလွယ်ကူသဖြင့် ထိခိုက်မှုရှိနိုင်ပါသည်။ ထို့အပြင်ဆင်းရဲသားအိမ်ထောင်စုများနှင့် မြေယာမဲ့အိမ်ထောင်စုများသည်လည်းအရေးကြုံလာပါကအခက်အခဲဖြစ်နိုင်ပါသည်။ မြေအမြင့်ပိုင်းတွင် ရွာ

တည်ထားခြင်းကြောင့် ရေလွှမ်းမိုးမှုကြောင့် ဘေးအန္တရာယ်ကျရောက်မှု အလားအလာ နည်းပါးပါသည်။ INGO များ နှင့် ကျန်းမာရေးဌာန၏ ကျန်းမာရေးပညာပေး ဟောပြောပွဲများရရှိခြင်းကြောင့် နားလည်သ ဘောပေါက်မှုရှိ၍ ကူးစက်ရောဂါကြောင့် ထိခိုက်နိုင်မှုနည်းပါးပါသည်။

## ၂။ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ဂေါပကအဖွဲ့ | ၃ | ၅ | | ၅ | ဘာသာရေး | ၄ | ၈ |
| ၂ | ကာလသား၊ ကာလသမီးအဖွဲ့ | ၂ | ၁၉ | ၁၁ | ၃၀ | ဘာသာရေး လူမှုရေး | ၄ | ၇ |
| ၃ | နာရေးကူညီမှု အသင်း | ၂ | ၅ | ၃ | ၈ | လူမှုရေး | ၄ | ၇ |
| ၄ | မိန်းမကြီးအဖွဲ့ | ၂ | | ၇ | ၇ | ဘာသာရေး လူ မှုရေး | ၄ | ၇ |
| ၅ | မိဘဆရာ အသင်း | ၂ | ၄ | ၃ | ၇ | ပညာရေး | ၄ | ၇ |
| ၆ | ကရင်စာပေနှင့် ယဉ်ကျေးမှု အဖွဲ့ | ၃ | ၄၇ | ၂၈ | ၇၅ | စာပေနှင့် ယဉ်ကျေးမှု | ၄ | ၇ |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါသည်။

**မှတ်ချက်။**

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်
(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့
(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်
(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း
(၇) သင့်
(၈) ညံ့ (အားနည်း)

**ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းရှိ အဖွဲ့များ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆယ်အိမ်စုကျေးရွာအတွင်းရှိ **ဖွံ့ဖြိုးရေးဆောင် ရွက်နေသောအဖွဲ့များ** သည် မိမိတို့ကျေးရွာ၏ ပညာရေး၊ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးရေးရာများအတွက် ရည်ရွယ်

ဖွဲ့စည်းထားသော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများအားနည်းသည့်အပြင် အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိ အောင်မည်သို့ဆောင်ရွက်ရမည်ကိုလည်း စနစ်တကျဆောင်ရွက်တတ်သည့် အလေ့အထများပါကျင့်သုံးနိုင်ခြင်းမရှိသေးသည့် အခြေအနေတစ်ရပ်ဖြစ်ပါသည်။ သို့သော်လည်း မိမိတို့ကျေးရွာသည်စည်းလုံးမှုကိုအားပြုလျှက်ကျေးရွာဖွံ့ဖြိုးရေးအတွက် အဖွဲ့အစည်းအားဖြင့် စတင်ဆောင်ရွက်ပြီး တစ်ရွာလုံးပူးပေါင်းပါဝင်လာမည်ကို အသေအချာယုံကြည်ပါသည်။

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇/၈) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | World Vision | ၅ | ကျေးရွာရေရရှိရေး |
| ၂ | NRC | ၅ | ကျေးလက်အိမ်ယာဆောက်လုပ်ခြင်း |
| ၃ | PSI | ၅ | ငှက်ဖျားစီမံချက် |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့် ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဉပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဉပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**ကျေးရွာနှင့် အဆက်အသွယ် ပြုနေသော ပြင်ပ အဖွဲ့အစည်းများ**

ကျေးရွာနှင့် အဆက်အသွယ်ပြုနေသော **ပြင်ပအဖွဲ့အစည်းများ** နှင့်ပက်သက်၍ မိမိတို့ကျေးရွာသည် နိုင်ငံတကာအဖွဲ့အစည်း (NRC) ၊ (World Vision) နှင့် (PSI) ချိတ်ဆက်မှုရှိခြင်းသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအကူအညီများကို ရရှိခဲ့ခြင်းပင်ဖြစ်ပါသည်။

## (၂.၂) စီးပွားရေး နှင့်အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၆ | ၁၀.၇၁ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် (၁ ဟတ်တာထိ) | ၅ | ၈.၉၃ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၁၀ | ၁၇.၈၆ | တောင်သူငယ် |
| ၄ | ၅ ဧက မှ ၁၂.၅ ဧကကြား (၅ဟတ်တာထိ) | ၁၅ | ၂၆.၇၉ | အလယ်အလတ်စား တောင်သူ |

| | | | | |
|---|---|---|---|---|
| ၅ | ၁၂.၅ ဧကအထက် (၅ဟတ်တာနှင့်အထက်) | ၂၀ | ၃၅.၇၁ | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၅၆** | **၁၀၀ %** | |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါသည်။

ဥယျာဉ်ခြံမြေပိုင်ဆိုင်သူ အိမ်ထောင်စုသည် (၅၀) အိမ်ဖြစ်ပြီး၊ စုစုပေါင်း အိမ်ထောင်စု၏ ၈၉.၂၈ ရာခိုင်နှုန်းခန့်ရှိ၍ ရာဘာစိုက်ပျိုးခြင်းကို အဓိကထားလုပ်ကိုင်ပြီး၊ ကွမ်းသီးကို ဒုတိယဦးစားပေး စိုက်ပျိုးပါသည်။ ဒူးရင်း၊ ဒညင်း တို့ကိုလည်း စိုက်ပျိုးပါသည်။ (၁၂.၅) ဧကအထက် ပိုင်ဆိုင်သည့် တောင်သူ ၂၀ ဦး၊ (၅ - ၁၂.၅) ဧကကြား (၁၅) ဦး၊ (၂.၅ - ၅) ဧက ကြား (၁၀) ဦးနှင့် (၂.၅) ဧကအောက် (၅) ဦး ရှိပါသည်။ စုစုပေါင်း ဥယျာဉ်ခြံမြေ ကွမ်းသီး (၄၆) ဧက၊ ရာဘာ (၆၉၂) ဧကရှိ၍ မြေယာမဲ့လုပ်သားများကို မှီခိုအားထားရပါသည်။

### (၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | | | |
| ၂ | ရေလွှဲဆည် | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | |
| ၄ | ဆည်မြောင်း | | | |
| ၅ | အဝီစိတွင်း | | | |
| ၆ | လက်ငင်ရေတွင်း | | | |
| ၇ | စိမ့်စမ်းရေ | | | |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

### (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအားစု လိုအပ် ချက် (နိမ့်/လတ် /မြင့်) | အမြတ် ရရှိနိုင်မှု( နိမ့်/ လတ် /မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | | | | |
| ကွမ်းသီး | ၄၆ | ပိဿာ | ၂၀၀ | ၃၅၀ | ၂၇၅ | နှစ်ရှည် | နိမ့် | မြင့် | ဈေးကောင်း |
| ရာဘာ | ၆၉၂ | ပိဿာ | ၁၈၀ | ၁၅၀ | ၁၆၅ | နှစ်ရှည် | လတ် | နိမ့် | ဈေးမကောင်း |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါသည်။

အဓိကပုဂ္ဂိုလ်များအဖွဲ့နှင့် ဆွေးနွေးခြင်းမှရရှိသည်။ ရေသွင်းစိုက်ပျိုးရေး မလိုအပ်ပါ။ သဘာဝမိုးရေဖြင့်သာ လုံလောက်ပါသည်။ ကွမ်းသီး(၁)ဧက ပိဿာ (၂၀၀) ခန့်၊ ရာဘာ (၁) ဧကပိဿာ (၁၈၀) ခန့်ထွက်ပါသည်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးသောအလေ့အထမရှိပါ။ အချို့သောသူများ ဂန္ဓမာ၊ ပန်းထိန်မနိုင်စသော ပန်းများစိုက်ပျိုး

လိုသော်လည်း နည်းပညာလက်လှမ်းမမီကြပါ။ နည်းပညာပံ့ပိုးပေးပါကစိုက်ပျိုးလိုပါသည်။ ဆောင်းရာသီနှင့်နွေရာသီ ကာလများတွင်ရေရှားသဖြင့် ဆောင်းသီးနှံစိုက်ပျိုးရန်မလွယ်ကူပါ။ ဥယျာဉ်ခြံကိရိယာ ကိုယ်ပိုင်မြက်ရိတ်စက် (၃၆)ခုရှိပါသည်။ အများပိုင်လုပ်ဖက်ကိရိယာမရှိပါ။ မြေအရည်အသွေးမှာကောင်းမွန်ပြီး၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများမသုံးစွဲသေးပါ။ သွင်းအားစုများကို ပုလောမြို့နယ်တွင် လက်ငင်းစနစ်ဖြင့် အနည်းငယ် ဝယ်ယူရပါသည်။ ရော်ဘာဈေး၊ ကွမ်းသီးဈေးကွက်ကို ပုလောမှချုပ်ကိုင်ထားပါသည်။ အချို့မှာကြိုပေးစနစ်ဖြင့် ရောင်းချကြရပါသည်။ ကျေးရွာအရောက် လာရောက်ဝယ်ယူသော ဈေးကွက်အနည်းငယ်သာရှိပါသည်။ ချေးငွေလိုအပ်ချက်များရှိပြီး၊ ရွာအတွင်းမှအနည်းငယ်သာချေးယူရရှိနိုင်ပါသည်။ ပြင်ပကျေးရွာများမှ အဓိကချေးယူရပါသည်။ အတိုးနှုန်း (၅% မှ ၁၀%)ပေးရပါသည်။ (အပေါင်ပေးရန် မလိုပါ။) စိုက်နည်းစနစ်များ သိရှိမှုအားနည်းပါသည်။ (ဥပမာ-ရာဘာမျိုးကောင်း၊ မျိုးသန့် ရွေးချယ်မှု၊ စိုက်နည်းစနစ်၊ ပိုးမွှားရောဂါ ကာကွယ်နည်းစနစ်စသည်) ရာဘာဈေးအလွန်နည်းပြီး၊ အထွက်နှုန်းနည်းပါသည်။ တွက်ခြေမကိုက်သောကြောင့် ရပ်ထားသည်များရှိပါသည်။ နည်းပညာလာပေးမည့်အဖွဲ့အစည်းမရှိကြပါ။ စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာ့စက်မှု သီးနှံဦးစီးဌာနတို့နှင့် ဆက်သွယ်ရကောင်းမှန်းမသိရှိကြပါ။ စိုက်ပျိုးရေးနည်းပညာပံ့ပိုးပေးနိုင်သောအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ဟောပြောပွဲများ၊ သင်တန်းများ စီစဉ်တက်ရောက်ရလျှင်ကောင်းပါသည်။ လိုအပ်သောနည်းပညာ၊ ဈေးကွက်အချက်အလက်များအတွက် မြို့နယ်စက်မှုသီးနှံဦးစီးဌာန၊ မြို့နယ်ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းစသည်တို့နှင့် ချိတ်ဆက်ဆောင်ရွက်ချင်ပါသည်။ ထိုပြဿနာတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဦးစီးဌာနများမှ ကူညီပေးစေလိုပါသည်။

### (၂.၂.၁.၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | | | |
| ရိတ်သိမ်းစက် | | | |
| လက်တွန်းထွန်စက် | | | |
| ခြွေလှေ့စက် | | | |
| ရေစုပ်စက် | | | |
| ခြေနင်းရေတင်စက် | | | |
| မျိုးစေ့ချစက် | | | |
| မြက်ရိတ်စက် | ၃၆ | | ဥယျာဉ်ခြံနှင့် ရာဘာစိုက်ခင်းများ တွင် ပေါင်းမြက်ရှင်းလင်းရန်အသုံး ပြုပါသည်။ |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါသည်။

### (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ (စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီ၊ဩဇာ) | ရှိ | တောင်ယာခုတ်ခြင်းမှ ရရှိနိုင်သည်။ မြေဆီဩဇာ ကောင်းမွန်နေသည့်အတွက်အထွက်နှုန်းတက်လာစေရန်စိုက်ပျိုးနည်းစနစ်များ၊ လုံလောက်သော အရင်းအနှီးများရရှိလျှင်အကျိုးအမြတ်များလာနိုင်မည်။ |
| ရေအရင်းအမြစ် | ရှိ | စိမ့်စမ်းရေသွယ်၍ ဆောင်းသီးနှံ စိုက်ပျိုးနိုင်သည်။ |
| သဘာဝမြေဆွေး၊ ဩဂဲနစ် | ရှိ | နည်းပညာလက်လှမ်းမီလျှင်အသုံးပြုလာနိုင်ပါသည်။ |
| ဩဂဲနစ်ပိုးသတ်ဆေး | ရှိ | နည်းပညာလက်လှမ်းမီလျှင်အသုံးပြုလာနိုင်ပါသည်။ |

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ဈေးငွေရရှိမှု | မရှိ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ယူလိုသော် လည်း ပုံစံ (၇) မရှိ၍မရသေးပါ။ မြေစာရင်းနှင့် ဆက်သွယ်ဆောင်ရွက်ရန်စီစဉ်နေပါသည်။ အခြားဈေးငွေပံ့ပိုးပေးသောအဖွဲ့များနှင့် မချိတ်ဆက်ရသေးပါ။ |
| သွင်းအားစုဈေးကွက် | မရှိ | လက်လှမ်းမမီသေးပါ။ |
| ဝန်ဆောင်မှုဈေးကွက် | မရှိ | လက်လှမ်းမမီသေးပါ။ |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | မရှိ | လက်လှမ်းမီသော်လည်းအကျိုးအမြတ်နည်းပါသည်။ |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါသည်။

ကျေးရွာဝန်းကျင်ရှိ သစ်တောမြေမှ တောင်ယာချဲ့ထွင်မှုကို လုပ်ဆောင်လေ့ရှိပါသည်။ နည်းပညာဝန်ဆောင်မှုနှင့်သင်တန်းများတက်ရောက်စေခြင်း၊ အသင်းအဖွဲ့ဖြင့် စနစ်တကျဆောင်ရွက်စေခြင်း၊ နည်းပညာအကူအညီပေးရေးအဖွဲ့များနှင့် ချိတ်ဆက်စေခြင်း၊ ဌာနဆိုင်ရာများနှင့်ဆက်သွယ်စေခြင်း၊ ဈေးကွက်နှင့်ပတ်သက်သောအချက်အလက်များ ဖြန့်ဝေပေးနိုင်မည့် အရင်းအမြစ်များရှာဖွေစေခြင်းစသည်တို့ကို စနစ်တကျလုပ်ဆောင်ပေးနိုင်ပါက ကျေးရွာ၏ သီးနှံထုတ်လုပ်မှု တိုးတက်ထုတ်လုပ်နိုင်မည့် အခွင့်အလမ်းများပိုမိုတိုးတက်လာပါလိမ့်မည်။

### (၂.၂.၁.၆) သီးနှံထုတ်လုပ်မှု အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | မရှိ | |
| ငွေကြေးအရင်းအနှီးလက်လှမ်းမီမှု | ရှိ | အခြားရွာမှယူ ၊ ၁၀၀ ကျပ်လျှင် (၅% မှ ၁၀%) ပေးရသည်။ |
| သွင်းအားစုတတ်နိုင်မှု | မရှိ | |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | မရှိ | |
| ဆည်မြောင်းရေရရှိမှု | | မလိုအပ်ပါ။ |
| မိုးရေမလုံလောက်မှု | မရှိ | |
| စိုက်ပျိုးရေသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု | မရှိ | |
| ဖျက်ပိုးနှင့်ရောဂါ | ရှိ | နည်းပညာနားလည်မှု အားနည်းသည်။ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | ရှိ | လက်လှမ်းမမီပါ။ |
| ဈေးကွက်လက်လှမ်းမီမှု | ရှိ | ကျွမ်းကျင်မှု အားနည်းသည်။ |
| အစိုးရမူဝါဒနှင့် အစီအစဉ် | ရှိ | ရာဘာပို့ကုန် ပေါ်လစီနှင့် ဈေးကွက် |
| အခြား | | |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

နည်းပညာလာပေးမည့်အဖွဲ့များ မရှိခြင်းနှင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ရကောင်း မှန်းမသိသောကြောင့် နစ်နာနေရပါသည်။ ဈေးကွက်မှပေးသော ဈေးနှုန်းအတိုင်းသာရနေပါသည်။ လုပ်သားရှားပါးမှုလည်း ကြုံတွေ့နေရပါသည်။ ဈေးကွက်နှင့်ပတ်သက်သော အချက်အလက်များဖြန့်ဝေပေးနိုင်မည့် အရင်းအမြစ်များ လက်လှမ်းမမီကြပါ။ လိုအပ်သောအရင်းအနှီးအတွက် အခြားရွာမှယူနေရပြီး၊ ၁၀၀ ကျပ်လျှင် (၅% မှ ၁၀%) ပေးရသည်။ ခြံသမားများမှာ စိုက်ပျိုးထုတ်လုပ်မှုအတွက်အရင်းအနှီးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဈေးယူလိုသော်လည်း ပုံစံ (၇) ရှိမှသာ ရရှိနိုင်ကြောင်းသိရပါသည်။ ဈေးငွေရရှိနိုင်မည့် အစိုးရဘဏ်များမှဈေးငွေကာလကို နှစ်ရှည်ဈေးပေးနိုင်

လျှင်သော်လည်းကောင်း၊ အစိုးရအသိအမှတ်ပြု ဘဏ်တစ်ခုခုတွင် မိမိတို့ပိုင်ဆိုင်သလောက်ချေးငွေ ထုတ်ပေးနိုင်မည့် အခြေအနေများရှိလာမည်ဆိုလျှင် အကျိုးအမြတ်များပိုမိုဖြစ်ထွန်းလာနိုင်ပြီး စားနပ်ရိက္ခာဖူလုံလာစေမည်ဖြစ်ပါသည်။

### (၂.၂.၂) မွေးမြူရေး လုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၃ (၃၂) ကောင် | ကျေးရွာမှ စားကျက်မြေ (၂၀) ဧက သတ်မှတ်ထားသည်။ |
| မြင်း | | မရှိပါ။ |
| ကျွဲ | ၂ (၂) ကောင် | ကျေးရွာမှ စားကျက်မြေ (၂၀) ဧက သတ်မှတ်ထားသည်။ |
| မြည်း | | မရှိပါ။ |
| လား | | မရှိပါ။ |
| ဆိတ် | | မရှိပါ။ |
| သိုး | | မရှိပါ။ |
| ဝက် | ၁၉ (၃၅) ကောင် | ဈေးကွက် ဝယ်လိုအားများသည်။ |
| ကြက် | ၂၃ (၂၇၈) ကောင် | ကျေးရွာတွင် အာဟာရအတွက်သာမွေးမြူ သည်။ |
| ဘဲ | ၂ (၃၀) ကောင် | ကျေးရွာတွင် အာဟာရအတွက်သာမွေးမြူ သည်။ |
| အခြား | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | မရှိပါ။ |
| ပုဇွန်ကန် | | မရှိပါ။ |
| ရေချိုငါးဖမ်းလုပ် ငန်း | | မရှိပါ။ |
| ကမ်းလွန်ငါးဖမ်း လုပ်ငန်း | | မရှိပါ။ |
| ဂဏာန်းမွေးမြူရေးလုပ် ငန်း | | မရှိပါ။ |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

ဆယ်အိမ်စုကျေးရွာတွင် စီပွားဖြစ်မွေးမြူရေးလုပ်ငန်းကိုမလုပ်ကိုင်ကြပဲ တစ်ပိုင်တစ်နိုင်သာမွေးမြူကြသော အိမ်ထောင်စုများသာရှိပါသည်။ နွားလှည်းဆွဲရန်အတွက် ဦးတည်ချက်ထားကာ မွေးမြူသောအိမ်ထောင်စု(၁၃) စု ရှိပါသည်။ ဝက်မွေးမြူသူ (၁၉) အိမ်တွင် ဝက် (၃၅)ကောင်ရှိပါသည်။ ရိုးရာဓလေ့အရနှင့် စားသုံးသူနည်းပါးသောကြောင့်မမွေးကြခြင်းဖြစ်သည်။ အကောင်ပြတ်ရောင်းခြင်းပိုများပြီး ဝက်သားစားသူအချို့နှင့်ဧည့်သည် အတွက်ပြင်ပရွာများမှ ဝယ်ယူစားသုံးရပါသည်။ ဘဲမွေးသောအိမ်ထောင်စုမှာ (၂) အိမ်သာရှိပြီး ဆောင်းရာသီရေရှားသောကြောင့် စီးပွားဖြစ်ဘဲမမွေးပဲဟင်းစားသာမွေးကြပါသည်။ ဒေသကြက်မွေးမြူသောအိမ်ထောင်စု(၂၃)စု ရှိပြီးစီးပွားဖြစ်မမွေးကြပါ။

**(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၁၉) မွေးမြူရေးကဏ္ဍထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| စားကျက်မြေ | စားကျက်မြေချဲ့ထွင်နိုင်ခြင်း။ |
| ရေရရှိမှု | ရေအရင်းအမြစ်ပေါကြွယ်ဝသည်။တောင်ကျစမ်းချောင်း/ တောင်ပေါ် ရေထွက်အရင်းအမြစ်များရှိသည်။ |
| တိရစ္ဆာန်မျိုး | မျိုးကောင်း၊ မျိုးသန့် ရွေးချယ်ရန်လက်လှမ်းမီနိုင်သည်။ |
| ချေးငွေ | ချေးငွေရရှိရေးလက်လှမ်းမီနိုင်သည်။ |
| သွင်းအားစုဈေးကွက် | လက်လှမ်းမီသည်။ |
| ဝန်ဆောင်မှုဈေးကွက် | လက်လှမ်းမီသည်။ |
| ထုတ်ကုန်ရောင်းဝယ်မှု | လက်လှမ်းမီသည်။ |
| အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု | ရှိသည်။ |
| အခြား | |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါသည်။

**(၂.၂.၂.၃) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| **ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေလက်လှမ်းမီမှု | ငွေအရင်းအနှီးမပြည့်စုံခြင်း။ (နွားမွေးရန်အတွက်) အတိုးသက်သာသော အရင်းမြစ်များနှင့် မချိတ်ဆက်နိုင်။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကြိုတင်ကာကွယ်ရေး၊ ကုသရေးမလုပ်နိုင်။ (ကြက်) |
| သွင်းအားစုဈေးကွက် | မလိုအပ်ပါ။ (ဒေသကြက်ကိုဟင်းစားသာမွေး)။ ဝက်မွေးသူနည်းပါး။ |
| ဝန်ဆောင်မှုဈေးကွက် | မလိုအပ်ပါ။ (ဒေသကြက်သာမွေး) |
| ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက် | မလိုအပ်ပါ။ |
| မွေးမြူရေးနှင့်ကုသရေးဆိုင်ရာဗဟုသုတ | နားလည်မှုနည်းပါးသည်။ |
| စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမီမှု | မလိုအပ်ပါ။ |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့်လက်လှမ်းမီမှု | |
| ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့် မားမှု | |
| အရင်းအနှီးလက်လှမ်းမီမှု | |
| အခြား | |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

ဆယ်အိမ်စုကျေးရွာတွင်မွေးမြူရေးအမြတ်(သို့)အရေအတွက်ထုတ်ကုန်တိုးတက်ရန်အတွက်တိရစ္ဆာန်ရောဂါကာကွယ်ရေးအစီအစဉ်များဆောင်ရွက်ရပါမည်။ ဒေသကြက်မွေးမြူရေးလုပ်ငန်းတွင် အသေအပျောက်များရခြင်း၏ အဓိကအကြောင်းရင်းမှာ ရောဂါအချိန်မှီ မထိန်းချုပ်နိုင်ခြင်းနှင့် မကာကွယ်နိုင်ခြင်းတို့ကြောင့် ဖြစ်သည်။ အဓိကရောဂါမှာကြက်နာကျခြင်းဖြစ်သည်။ ၎င်းတို့ကိုအောင်မြင်စွာဆောင်ရွက်နိုင်ရန် အစိုးရသက်ဆိုင်ရာဌာနမှကူညီပေးစေလိုပါသည်။ ကျေးလက်တိရစ္ဆာန်ရောဂါကာကွယ်ရေး အကျိုးတော်ဆောင်လိုအပ်ပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

## (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့်ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမားအရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့်ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအ မြစ်များထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | | | | |
| ၅ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင် ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၃ | | | လတ် (ဈေးဆိုင် - ၃၊ အဓိက အလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်သည်) |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊သိုလှောင် ရေးနှင့် ဆက်သွယ်ရေး | | | | |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေရောင်းဝယ် ငှားရမ်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | |
| ၁၃ | ပညာရေး | | ၁ | | လတ် (ဆရာမ - ၁၊ အဓိက အလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်သည်) |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေး လုပ်ငန်းများ | | | | |

| | | | |
|---|---|---|---|
| ၁၆ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | ၃ | ၁ |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

ဆယ်အိမ်စုကျေးရွာတွင် အခြားဝင်ငွေရအလုပ်အကိုင် လုပ်ကိုင်သူမိသားစုနည်းပါးပြီး၊ အဓိကစီးပွားရေးမှာ ဥယျာဉ်ခြံနှင့် ကျပန်းသမားများသာဖြစ်သည်။ အိမ်ဆိုင်ငယ် (၃) ဆိုင်သာရှိပြီး၊ ခေါင်းရွက်ဗျက်ထိုးဈေးသည်မရှိပါ။ အချို့သောအခြေခံစားကုန်များကိုအခြား ရွာမှလာသော ဈေးသည်များထံမှဝယ်စားပါသည်။ ပညာတတ်နည်းခြင်း၊ ဗဟုသုတအား နည်းခြင်းတို့ကြောင့်အခြားသောဝင်ငွေတိုး လုပ်ငန်းများမလုပ်ကိုင်နိုင်ကြပါ။ ထွက်ရှိသောကုန်ကြမ်းများကိုတိုက်ရိုက်ရောင်းချနေရပါသည်။ ဒေသနှင့်သင့်တော်သောဝင်ငွေရအသက် မွေးဝမ်းကြောင်းပညာဖြင့် ရပ်တည်သောမိသားစုမရှိသေးပါ။ (ဥပမာ- စက်ချုပ်၊ စက်ဘီးဆိုင် ကယ်ဝပ်ရှော့) တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရန်အတွက်ဆန္ဒရှိပြီး၊ သင်တန်းများတက်ရောက်ချင်ပါသည်။ လိုအပ်သောနည်းပညာ၊ ဈေးကွက်အချက်အလက် ဆိုင်ရာများအတွက် နည်းပညာဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရလျှင်ကောင်းပါမည်။ ယင်းပြဿနာများကို ကျော်လွှားနိုင်ရန်အတွက် အကူအညီပေးရေးအဖွဲ့များမှ ကူညီပေးစေလိုပါသည်။

### (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်း၊ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၂)စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ

| **အခွင့်အလမ်းများ** | **ပြဿနာနှင့်အခက်အခဲများ** |
|---|---|
| နည်းပညာများ သင်ယူလိုစိတ်ရှိခြင်း။<br>ဈေးကွက်ရှိခြင်း။ (ဝန်ဆောင်မှု) | အလုပ်အကိုင်ရှားပါးခြင်း။ |
| အစိုးရဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုရှိခြင်း။ | အသက်မွေးဝမ်းကြောင်းပညာများလက်လှမ်းမီမှုအားနည်းခြင်း |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါသည်။

### (၂.၃ ) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး** | **အကြီးစားဈေးကွက်** |
|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ) | ပလောက်မြို့နယ်ခွဲသို့ (၁၇) ကီလိုမီတာ | ပုလောမြို့နယ်သို့ (၁၈) ကီလိုမီတာ |
| သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့်၎င်း၏ အထောက်အပံ့များ | မော်တော်ကား၊ ဆိုင်ကယ်၊ သုံးဘီး ဆိုင်ကယ် | မော်တော်ကား၊ဆိုင်ကယ်၊ သုံးဘီး ဆိုင်ကယ် |
| ကုန်စည်အမျိုးအစား နှင့် ဝန်ဆောင်ပေးနိုင်မှု | လူသုံးကုန်ပစ္စည်းမျိုးစုံ၊ စားသောက်ကုန်၊ စက် ပစ္စည်း၊ ကုန်မာ စသည် တို့ကိုကား၊ဆိုင်ကယ်ဖြင့် သယ်ယူပို့ဆောင်။ | လူသုံးကုန်ပစ္စည်းမျိုးစုံ၊ စားသောက်ကုန်၊စက်ပစ္စည်း စသည်တို့ကိုကား၊ဆိုင်ကယ်ဖြင့်သယ်ယူပို့ဆောင်။ |

| ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု | အသင့်အတင့်ကောင်း | အတော်ကောင်း |
|---|---|---|

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ (၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

## (၂.၄ ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင် သည့် နေရာ | ငွေကြေးဝန် ဆောင်မှု အမျိုးအစား | ပြန်လည်ပေးဆပ်ရ မည့်ကာလ | အတိုးနှုန်း | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေ ရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| အစိုးရဘဏ် | | | | | |
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍ | | | | | |
| အဖွဲ့အလိုက်ငွေစု/ငွေချေး အစီအစဉ် | | | | | |
| ငွေချေးပေးသူ | ချေးငွေ | တိကျသော ကာလ | ၅ - ၁၀% | မလိုအပ်ပါ | ပုံသေ စည်းမျဉ်း |
| အပေါင်ဆိုင် မိတ်ဆွေနှင့်ဆွေမျိုးများ | ချေးငွေ | တိကျသော ကာလ | ၅ - ၁၀% | မလိုအပ်ပါ | အချိန်တိုင်း မရနိုင် |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ (၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်၊ ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍတို့ကို လက်လှမ်းမမီကြပါ။ ချေးငွေလိုအပ်လျှင် ငွေချေးပေးသူ၊ မိတ်ဆွေနှင့်ဆွေမျိုးများထံမှ ချေးယူသုံးစွဲရပါသည်။

## (၂.၅) သဘာဝဘေးအန္တရာယ်လျှော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် များ စီမံခန့်ခွဲမှု

### (၂.၅.၁) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်ခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာကြွယ်ဝမှု | နိမ့် | ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာအသုံးပြုမှုနည်းပါး |
| အပင်မျိုးစိတ်များ | အသင့်အတင့် | နှစ်ရှည်ပင်များစိုက်ပျိုးခြင်း။ တောင်ယာစပါးစိုက်ပျိုးခြင်း။ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | နိမ့် | ဓာတုပိုးသတ်ဆေး အသုံးပြုမှုနည်းပါး |
| ရေအရင်းအမြစ် | နိမ့် | သဘာဝပတ်ဝန်းကျင် ညစ်ညမ်းစေမှုနည်းပါး |
| ငါးမျိုးကွဲများ | နိမ့် | စည်းကမ်းမဲ့ဖမ်းဆီးခြင်းမရှိပါ။ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | အသင့်အတင့် | နှစ်ရှည်ပင်များစိုက်ပျိုးခြင်းနှင့် တောင်ယာစပါးစိုက်ပျိုးခြင်းတို့ကြောင့်။ |
| စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု | နိမ့် | |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

စိုက်ပျိုးမြေများသည် မြေဆီသြဇာကြွယ်ဝမှု အသင့်သင့်ရှိနေပါသည်။ သဘာဝမြေသြ ဇာကိုအနည်းငယ်သာ သုံးစွဲကြပါသည်။ ငါးမျိုးစုံရရှိမှုမှာ ယခင်အတိုင်းပင် ရှိနေသေးသော်လည်း ရရှိမှုနည်းပါးလာပါသည်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်နိုင်သည့် မြေအများအပြားမရှိခြင်းတို့ကြောင့် ငါးရှားပါးခြင်းနှင့် ဈေးနှုန်းကြီးမြင့်မှုများ ကြုံတွေ့နေရပါသည်။

### (၂.၅.၂) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား(၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအမံများ

| အမျိုးအစား | အန္တရာယ်ဖြစ်နိုင်ခြေ (နည်း/လတ်/များ) | ဖော်ပြချက်/ ရှင်းလင်းချက် | လက်ရှိဘေးအန္တရာယ် လျှော့ချရေးအလေ့ အကျင့်များ |
|---|---|---|---|
| ရေလွှမ်းမိုးခြင်း | နည်း | ရေလွှမ်းဧရိယာမဟုတ်ခြင်း | မရှိသေးပါ။ |
| မီးဘေး | နည်း | ပူပြင်းခြောက်သွေ့သောဧရိယာမ ဟုတ်ခြင်း။ | မရှိသေးပါ။ |
| မုန်တိုင်း | နည်း | ကျေးရွာသည်တောင်တန်း များအကြား တည်ရှိခြင်း။ | မရှိသေးပါ။ |
| ငလျင် | နည်း | ငလျှင်ဇုန်မဟုတ်ခြင်း။ | မရှိသေးပါ။ |
| မိုးခေါင်ခြင်း | နည်း | မိုးနည်းရပ်ဝန်းဒေသမ ဟုတ်ခြင်း။ | |
| အအေးလှိုင်း | နည်း | မကြုံဖူးသေးပါ။ | မရှိသေးပါ။ |
| ပဋိပက္ခ | နည်း | မကြုံဖူးသေးပါ။ | |
| တိရစ္ဆာန်ရောဂါ ဖြစ်ပွါးမှု လူရောဂါဖြစ်ပွါးမှု | လတ် | အိမ်မွေးတိရစ္ဆာန်များအ နည်းငယ်ကျရောက်သည်။ | မရှိသေးပါ။ |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

## (၂.၆) ပညာရေး

### (၂.၆.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာပြီးစီးမှုနှုန်း

| ပညာရေး | ကျား | မ | ပေါင်း | ၉ နှစ်နှင့် အထက်၊ လူဦးရေ၏ % |
|---|---|---|---|---|
| လုံးဝကျောင်းမနေသူများ | ၅ | ၈ | ၁၃ | ၆.၆၇% |
| ဘာသာရေးအခြေပြုပညာရေး | ၂၄ | ၁၄ | ၃၈ | ၁၉.၄၉% |
| မူလတန်းမပြီးဆုံးမီ ကျောင်းထွက်သူဦးရေ | - | - | - | - % |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၆၄ | ၅၇ | ၁၂၁ | ၆၂.၀၄% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၅ | ၁၆ | ၂၁ | ၁၀.၇၈% |
| အထက်တန်းပညာရေးပြီးဆုံးသူဦးရေ | ၀ | ၁ | ၁ | ၀.၅၁% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၀ | ၁ | ၁ | ၀.၅၁% |
| **၉ နှစ်အထက်လူဦးရေပေါင်း** | **၉၈** | **၉၇** | **၁၉၅** | **၁၀၀%** |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါသည်။

**မှတ်ချက်။** မူလတန်းမပြီးဆုံးမီ ကျောင်းထွက်သူဦးရေစာရင်းကို ကောက်ယူခြင်းမရှိခဲ့ပါ။

### (၂.၆.၂) ကျောင်းအပ်နှုန်း

ဇယား (၂၈) ကျောင်းအပ်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း (၅-၉နှစ်) | ၃၄ | ၂၆ | ၆၀ | ၆၀/၄၉ = ၁၂၂.၄၅ % |
| အလယ်တန်း (၁၀-၁၄နှစ်) | ၉ | ၁၇ | ၂၆ | ၂၆/၃၂ = ၈၁.၂၅ % |
| အထက်တန်း(၁၅-၁၆ နှစ်ကြား) | ၀ | ၄ | ၄ | |
| တက္ကသိုလ်ကျောင်းသား၊သူ | ၀ | ၁ | ၁ | |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

ဆယ်အိမ်စုကျေးရွာတွင် မူလတန်းကျောင်းနေအရွယ်အားလုံး ကျောင်းရောက်ကြပါသည်။ လက်ရှိမူလတန်းတက်ရောက်နေသူဦးရေမှာ မူလတန်းကျောင်းနေအရွယ် (၅-၉)နှစ် အရေအတွက်နှင့် နှိုင်းယှဉ်လျှင်(၂၂) ရာခိုင်နှုန်းပိုနေခြင်းမှာ မူလတန်းတက်ရောက်နေသူအချို့မှာ (၉) နှစ်ထက် အသက်ကြီးနေသောကြောင့် ဖြစ်ပါသည်။ မူလတန်းအောင်မြင်ပါက အုပ်စုကျေးရွာဖြစ်သော ထမင်းမစားကျေးရွာရှိ အခြေခံပညာတွဲဖက်အလယ်တန်းကျောင်းတွင် ပညာသင်ကြားရပြီး၊ အထက်တန်းပညာကို ပုလောမြို့တွင်သင်ကြားရပါသည်။ ယခုကာလမှသာ အထက်တန်းနှင့် အလယ်တန်းကျောင်းသား စုစုပေါင်း(၃၀)ဦးရှိလာပါသည်။ ပထမနှစ်တက်နေသူ တစ်ယောက်ရှိပြီးဘွဲ့ရတစ်ယောက်သာရှိပါသည်။

### (၂.၆.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် လက်လှမ်းမီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ

| အကြောင်းအရာ | မူလတန်းကျောင်း | | | အလယ်တန်းကျောင်း | | |
|---|---|---|---|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ) | ကျေးရွာအတွင်း | | | (၂.၄) ကီလိုမီတာ | | |
| သယ်ယူပို့ဆောင်ရေးဝန် ဆောင်မှု | ခြေလျှင် | | | ခြေလျှင်၊ စက်ဘီး | | |
| စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်) | (၆၀ပေ× ၃၀ပေ×၁၀ပေ) | | | (၉၀ပေ× ၃၀ပေ×၁၀ပေ) | | |
| အမိုး၊နံရံ၊အခင်းအရည်အ သွေး | ကောင်း (တိုက်ကျောင်း) | | | ကောင်း (တိုက်ကျောင်း) | | |
| ကျောင်းသုံးပရိဘောဂ(လုံ လောက်မှုရှိ/မရှိ) | လုံလောက်မှုမရှိ | | | လုံလောက်မှုရှိ | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| | - | ၆ | ၆ | ၁ | ၇ | ၈ |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

ဆယ်အိမ်စုကျေးရွာမှာပင် မူလတန်းကျောင်းရှိပြီး လက်ရှိစာသင်ကျောင်းဆောင်မှာ (၆၀x၃၀x၁၀) ပေအရွယ်ဖြစ်ပါသည်။ ကျောင်းသားဦးရေ တဖြည်းဖြည်းများလာသဖြင့် စာသင်ကျောင်းဆောင် တိုးချဲ့ချင်ပါသည်။ ကျောင်းအိမ်သာများ ထပ်မံဆောက်လုပ်ရန် လိုအပ်နေပြီး ကျောင်းပရိဘောဂများ ဖြည့်တင်းချင်ပါသည်။ ကျောင်းရေတွင်းမှာ အကာအရံမရှိသေးသောကြောင့် ကျောင်းသား၊ကျောင်းသူများငယ်များအန္တရာယ်များလှပါသည်။ ထို့ကြောင့် ရေတွင်းအကာပြုလုပ်လိုပါသည်။ အဆိုပါပြဿနာများကို ကျော်လွှားနိုင်ရန်အတွက် သက်ဆိုင်ရာဌာနနှင့် အကူအညီပေးရေးအဖွဲ့များမှကူညီပေးစေလိုပါသည်။

### (၂.၆.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၀) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | ၅ ဦး။ |
| တပည့်- ဆရာ အချိုး | ၁၀ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိပါ။ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မသန်စွမ်းသူများမရှိ၊ မလိုအပ်ပါ။ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | အဆင်ပြေပါသည်။ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | မရှိ၊ မလိုအပ်ပါ။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | အသင့်အတင့်သာရှိပါသည်။ |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

ဆယ်အိမ်စုကျေးရွာရှိ မူလတန်းကျောင်းတွင် ကျောင်းဆရာ/ဆရာမအင်အားလုံလောက်မှုရှိပါသည်။ စာသင်ကျောင်းမှာ အခန်းရှည်ဖြစ်သောကြောင့် ကျောင်းသားများစာသင်ကြားရာတွင် အသံဆူညံမှုများနေပါသည်။ အခန်းများဖွဲ့ရန်လိုအပ်နေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုမှာ အသင့်အတင့်သာရှိပါသည်။

### (၂.၇) ကျန်းမာရေးနှင့် အာဟာရ

### (၂.၇.၁) အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

| | | | |
|---|---|---|---|
| ၁. ငှက်ဖျား | ၂. တုပ်ကွေး | ၃.သွေးလွန်တုပ်ကွေး | ၄. ဝမ်းပျက်ဝမ်းလျှော |
| ၅. | ၆. | ၇. | ၈. |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

ဆယ်အိမ်စုကျေးရွာသည် တော၊ တောင်တို့နှင့် နီးကပ်စွာ တည်ရှိသောကြောင့် ဇွန်၊ ဇူလိုင်လတွင် ငှက်ဖျား၊ ဝမ်းပျက်ဝမ်းလျှောရောဂါ အဖြစ်များကြသည်။ တုပ်ကွေး၊ သွေးလွန် တုပ်ကွေးရောဂါများလည်းဖြစ်ပွားလေ့ရှိပါသည်။

### (၂.၇.၂) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေးဝန်ဆောင်မှု | ခရီးအကွာအဝေး (ကီလို) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်း များ (လုံလောက် မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက်ကျန်းမာရေးဌာန(ခွဲ) | ၂.၄ | မရှိ | သားဖွားဆရာမ... ( ၁)<br>ကျန်းမာရေးလုပ်သား ( ၁) | မလုံလောက်ပါ | ထမင်းမစားကျေးလက်ကျန်းမာရေးဌာနခွဲ |
| တိုက်နယ်ဆေးရုံ | ၁၇ | မရှိ | ဆရာဝန်..( ၁ )<br>သူနာပြု..( ၄ )<br>သူနာပြု(၃)..( ၉ )<br>ဓာတ်ခွဲကျွမ်းကျင်( ၂ ) | မလုံလောက်ပါ | ပလောက်တိုက်နယ်ဆေးရုံ |

ဆေးဝါးကျွမ်းကျင်(၂)

| | | | | |
|---|---|---|---|---|
| ဆေးဆိုင် | ၁၇ | ဆေးဝါးကျွမ်းကျင်သူ (၁) ဦး | လက်လုမ်းမီမှု ဆေးဝါး.... သိုလှောင်ပုံစနစ် အအေးခန်းစနစ် | သာမန် ဆေးအ ရောင်း ဆိုင်(ပ လောက်) |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ (၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါသည်။

ကျေးရွာလူထု ပညာတတ်မြောက်မှုနည်းပါးပြီး၊ ကျန်းမာရေးအသိပညာအားနည်းပါသည်။ ကျန်းမာရေးဝန်ထမ်းများမှ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပေးသော်လည်း ရွာမှလိုက်နာကျင့်သုံးသူနည်းပါးလှပါသည်။ ကျေးလက်ဆေးပေးခန်းရှိသောရွာနှင့် (၁.၅) မိုင်ဝေးပြီး၊ ဆရာမလည်း အလာကျဲပါသည်။ ကျန်းမာရေး အရေးပေါ်လာပါက လုံခြုံစိတ်ချရမှုမရှိပါ။ လမ်းမကောင်းပါ။ ရွာကားမရှိပါ။ လူထုကျန်းမာရေးလုပ်သား၊ အရံသားဖွား ဆရာမ ရွာဒေသခံမရှိသေးပါ။ လိုအပ်ပါသည်။ ကျန်းမာရေးဆိုင်ရာအမြင်ဖွင့် သင်တန်းများမရှိသေး၍ တက်ရောက်လိုပါသည်။ အဆိုပါပြဿနာများကို ကျော်လွှားနိုင်ရန်အတွက် သက်ဆိုင်ရာဌာနနှင့် အကူအညီပေးရေးအဖွဲ့များမှ ကူညီပေးစေလိုပါသည်။

## (၂.၇.၃) သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၁ | ကောင်း | ရှိ | ရှိ | ရှိ | |
| အဝီစိတွင်း | | | | | | |
| အဝီစိတွင်း၊ စက်တွင်း | | | | | | |
| ကန် | | | | | | |
| မြစ်/ချောင်း | ၁ | ကောင်း | ရှိ | ရှိ | ရှိ | |
| မိုးရေသိုလှောင်ကန် | | | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | ၁ | ကောင်း | ရှိ | ရှိ | ရှိ | |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါသည်။

ဆယ်အိမ်စုကျေးရွာ၏ စာသင်ကျောင်းဝင်းအတွင်းတွင် ရေတွင်တစ်တွင်းရှိပြီး၊ နီးစပ်ရာနေအိမ်များမှ သောက်ရေအဖြစ်သုံးစွဲပါသည်။ World Vision မှ စိမ့်စမ်းရေသွယ်တန်းပေးထားပြီး ရေလှောင်ကန် တစ်ကန်ထားရှိပါသည်။ ဘုန်းတော်ကြီးကျောင်းနှင့် နီးစပ်ရာနေအိမ်များသောက်ရေအဖြစ်သုံးစွဲပါသည်။ ထမင်းမစားချောင်းရေမှာ သုံးရေ/ ချိုးရေအတွက် ဖြစ်ပါသည်။

## (၂.၇.၄) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

| သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၄၅ | |
| ကျင်းအိမ်သာ | ၄ | ကျန်းမာရေးအသိပညာနည်းပါးခြင်း။ |
| တောထိုင် | ၇ | ကျန်းမာရေးအသိပညာနည်းပါးခြင်း။ |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ (၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူနေအိမ်ယာ(၁)လုံးနှင့် စံပြအိမ်သာ (၁) လုံးပံ့ပိုးပေးထားပါသည်။ ကျန်းမာရေးဆရာမနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ပူးပေါင်းကာယင်လုံအိမ်သာစီမံချက် ဆောင်ရွက်ရန် အစီအစဉ်ရှိပါသည်။

## (၂.၈) လမ်းတံတား အခြေအနေ

### (၂.၈.၁) ကျေးရွာ၏ လမ်းတံတား တည်ရှိမှု

ဇယား (၃၅) ကျေးရွာများတွင် လမ်းတံတား တည်ရှိမှု အခြေအနေ

| လမ်းတံတား အမျိုးအစား | အမျိုးအစား (၁၊၂၊၃၊၄) | ကောင်း /ဆိုး | တည်ဆောက်ခဲ့ သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (ကီလိုမီတာ) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ် ပတ်လုံး | |
| ရွာတွင်းလမ်း | ၁ | ဆိုး | ၁၉၉၂ | | √ | ၀.၇ |
| ချဉ်းကပ်လမ်း | ၁ | ဆိုး | ၁၉၉၂ | | √ | ၂.၄ |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

တစ်နှစ်ပတ်လုံး သွားလာမှုခက်ခဲပြီး၊ မိုးရာသီတွင်မိုးများသဖြင့် လမ်းမကောင်းပါ။ ကားသွားလာမှု မလွယ်ကူပ၁ါ။ ထမင်းမစားကျေးရွာမှ ဆယ်အိမ်စုရွာသို့ ဆက်သွယ်သော မြေသားလမ်းမှာ ကြမ်းတမ်းလှပါသည်။ ကွန်ကရစ် (သို့) ကတ္တရာလမ်း (၁.၅) မိုင် ခင်းနိုင် လျှင်ကောင်းပါသည်။ အဆိုပါပြဿနာများကို ကျော်လွှားနိုင်ရန်အတွက် သက်ဆိုင်ရာဌာန နှင့် အကူအညီပေးရေးအဖွဲ့များ မှ ကူညီပေးစေလိုပါသည်။

| လမ်းတံတား အမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက် ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ဝဝ်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ်လုံး |
| ဆိပ်ခံတံတား | မရှိ | | | | |
| တံတား (၁) | ပေ (၇၀x၁၄x၁၂) | ဆိုး | ၂၀၀၃ | | √ |
| တံတား (၂ ) | ပေ (၁၅x၁၄x၁၀) | ဆိုး | ၂၀၀၃ | | √ |
| တံတား (၃ ) | ပေ (၁၀x၁၄x၈) | ဆိုး | ၂၀၀၃ | | √ |
| ကြိုးတံတား | မရှိ | | | | |
| ရေပြွန် | မရှိ | | | | |

**ရည်ညွှန်း** - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

ထမင်းမစား ကျေးရွာအုပ်စုနှင့်ဆက်သွယ်သော လမ်းမပေါ်ရှိ တံတားများလည်း ဟောင်းနွမ်းပြီး မကောင်းတော့ပါ။ တံတားရှည်ကြီးတစ်စင်းမှာ ကျိုးပေါက်နေပါသည်။ ထမင်းမစားကျေးရွာသို့ ကျောင်းသွားတက်သော အလယ်တန်းကျောင်းသား/ သူများ အန္တရာယ်များလှပါသည်။ ကူးသန်းရောင်းဝယ်ရေးအတွက်လည်း ခက်ခဲပါသည်။ သစ်သား တံတား (၃) စင်းဟောင်းနွမ်းနေပါသည်။ သံကူကွန်ကရစ်တံတား (၃) စင်းအဖြစ်တည် ဆောက်လိုပါသည်။

### (၂.၈.၂ ) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (ကီလိုမီတာ) | ယာဉ် အမျိုးအစား | ရာသီအလိုက်သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်း ရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | မရှိ | | | |
| ပင်လယ်ရေကြောင်း | မရှိ | | | |

၁ – လှေ၊သမ္ဗာန်　　၂ - မော်တော်　　၃ - သဘော်

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

ကုန်းတွင်းပိုင်းကျေးရွာဖြစ်သောကြောင့် ရေလမ်းခရီးမရှိပါ။ ဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်များကိုသာ အသုံးပြုနေကြပါသည်။

### (၂.၈.၃) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ဘတ်စ်ကား | မြင်းလှည်း |
|---|---|---|---|---|---|---|---|
| အရေအတွက် | | | ၂ | ၁၉ | ၁ | | |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါသည်။

ကျေးရွာအတွင်းတွင် စက်ဘီး (၂)စီးနှင့် မော်တော်ဆိုင်ကယ် (၁၉)စီး၊ သုံးဘီးဆိုင်ကယ်(၁) စီးရှိပြီး မော်တော်ဆိုင်ကယ်ဖြင့် ပုလောနှင့် ပလောက်မြို့များသို့ ဆက်သွယ်သွားလာရပါသည်။ ဆိုင်ကယ်ခမှာအသွား (၁,၀၀၀) ကျပ်၊ အပြန် (၁,၀၀၀) ကျပ် ဖြစ်ပါသည်။

### (၂.၉) လျှပ်စစ်မီးရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

| အရင်းအမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ၊ မရှိ |
|---|---|---|---|
| မဟာဓါတ်အားလိုင်း | | | |
| ဆိုလာစနစ် | ၁၅ | သင့် | မရှိ |
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | ၅ | သင့် | ကုန်ကျစရိတ်များသည်။ |
| လေစွမ်းအင် | | | |
| ဇီဝလောင်စာ | | | |
| အခြား(ဖယောင်းတိုင်၊ ဘက်ထရီ) | ၃၇ | | ဖယောင်းတိုင်(၁) ထုပ်လျှင် ၆၀၀ ကျပ်၊ (၃)ရက်သုံး- ဘက်ထရီ(ဆိုလာဖြင့်အားသွင်း) |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

ဆယ်အိမ်စုကျေးရွာတွင် အိမ်ထောင်စု(၁၅)အိမ်တွင် ဆိုလာပြားများ ကိုယ်ပိုင်တပ်ဆင်အသုံးပြုကြပါသည်။ ဒီဇယ်အင်ဂျင် အသုံးပြုသောအိမ်ထောင်စု (၅) အိမ်ရှိပါသည်။ မတတ်နိုင်သောအိမ်များမှာ ဖယောင်းတိုင်၊ ဒီဇယ်မီးအိမ်၊ ဘက်ထရီမီးစသည်တို့ကို သုံးစွဲနေရသည့်အတွက် မီးဘေးအန္တရာယ်စိုးရိမ်ရပါသည်။ ကျောင်းသား/သူများ ပညာသင်ယူမှုအတွက် ခက်ခဲပါသည်။ မျက်စိကိုထိခိုက်နိုင်ပါသည်။ လျှပ်စစ်မီးမရှိသောကြောင့် သတင်းအချက်အ လက်နည်းပညာဗဟုသုတ လေ့လာရန်လွန်စွာ ခက်အခဲ ဖြစ်လုပါသည်။

ကျန်ရှိသော အိမ်ထောင်စုများအား ဆိုလာမီးတပ်ဆင်ခြင်းအတွက် တစ်အိမ်ချင်း ယူနစ် စနစ်မှာ (၃၀၀,၀၀၀) ကျပ် ဖြင့် အိမ်ခြေ- (၄၀) အတွက် ခန့်မှန်းကုန်ကျငွေ (၁၂, ၀၀၀, ၀၀၀) ကျပ် ဖြစ်ပါသည်။ သက်ဆိုင်ရာဌာနများဖြင့် ချိတ်ဆက်ကာ လျှပ်စစ်မီးအကူအညီရရှိရေး ဆောင်ရွက်လိုပါသည်။

## (၂.၁၀) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | အင်တာနက် | သတင်းစာ နှင့်ဝ‌ဝ်ဂျာနယ် | အခြား |
|---|---|---|---|---|---|---|
| အရေ အတွက် | ၁၂ | ၅ | ၈ | | | |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

ဆယ်အိမ်စုကျေးရွာတွင် ဖုန်းလိုင်းမမိပါ။ CDMA (၂) လုံးသာရှိပြီး လိုင်းမကောင်းပါ။ လက်ကိုင်ဖုန်း (၁၂) လုံးရှိသော်လည်း လိုင်းမမိပါ။ မြို့ရောက်ခိုက်သုံးစွဲရန် ဖြစ်ပါသည်။

## (၂.၁၁) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်း | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| အပန်းဖြေနိုင်သည့်နေရာများအားလက်လှမ်းမီမှု | မရှိ | ဗွီဒီယိုရုံ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ရှိ | လူမှုရေးပွဲများတွင် ဝန်ဆောင်မှုများ ပေးခြင်း |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ရှိ | ဘာသာရေးပွဲများတွင်ဝန်ဆောင်မှုများပေးခြင်း |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | ရှိ | ကျေးရွာအားကစားကွင်း၊အားကစား ပြိုင်ပွဲ၊ စသည်တိုင်းတွင် ပါဝင်ခွင့် |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ရှိ | ကျေးရွာအဖွဲ့အစည်းများတွင်ကိုယ်စားလှယ်အဖြစ်ပါဝင်ခြင်း၊စေတနာအကျိုးဆောင်အဖြစ်ဆောင်ရွက်ခြင်း |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်း ရေး | ရှိ | ရိုးရာယဉ်ကျေးမှုထိမ်းသိမ်းလိုစိတ်ဖြစ်ပေါ်စေရေးအတွက်လိုအပ်သော အထောက်အပံ့များ |
| စာကြည့်တိုက်၊အင်တာနက် စသည်များအားလက်လှမ်းမီမှု | မရှိ | စာကြည့်တိုက်၊ အင်တာနက်၊ ဂျာနယ် |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

ဆယ်အိမ်စုကျေးရွာတွင် ကာလသား၊ ကာလသမီးအဖွဲ့အား(၃၀)ဦးဖြင့်ဖွဲ့စည်းထားပါသည်။ ဘုန်းတော်ကြီးကျောင်းကိစ္စရပ်များနှင့် အခြားသောဘာသာရေးကိစ္စရပ်များတွင် အလှည့်ကျတာဝန်ယူဆောင်ရွက်သော အလေ့အထကောင်းများရှိပါသည်။ အမျိုးသမီးငယ်၊ လူငယ်များသည် ရပ်ရွာ၏ဘာသာရေးကိစ္စရပ်များတွင် တက်ညီလက်ညီပါဝင်ဆောင်ရွက်ကြပါသည်။ ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းရှိပြီး၊ ကျား/မ၊ စုစုပေါင်း (၇၀) ဦးဖြင့်ဖွဲ့စည်းထားပါသည်။ လူငယ်များအတွက် ဘောလုံးကွင်း (၁) ကွင်းရှိပြီး၊ အားကစားပြိုင်ပွဲများ ပုံမှန် မကျင်းပနိုင်ကြပါ။ စာကြည့်တိုက်မရှိပါ။

### (၂.၁၂) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

### (၂.၁၂.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမ

| ဝန်ဆောင်မှုများ | ရှိ/ မရှိ | ရှင်းလင်းချက် |
|---|---|---|
| ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦများအားလက်လှမ်းမီမှု | မရှိ | ဆက်သွယ်ရေး network ၊ အများသုံး တယ်လီဖုန်း |
| အာမခံလုပ်ငန်းများအားလက် လှမ်းမှီမှု | မရှိ | ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည် |
| လူထုအခြေပြု သဘာဝဘေး အန္တရာယ်လျှော့ချရေးအစီအစဉ် | မရှိ | ကြိုတင်သတိပေးစနစ်၊ သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲရေး ကော်မတီ၊ |
| ရဲစခန်းများအား လက်လှမ်းမီမှု | မရှိ | သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်များ၊ ရဲစခန်းမှလုံခြုံရေး အကူအညီများရရှိမှု |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါသည်။

သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်သတိပေးခြင်း၊ သင်တန်းများပေးခြင်းမရှိပါ၊ TV, Radio သတိပေးချက်များနားထောင်၍ ပြင်ဆင်ရပါသည်။

### (၂.၁၂.၂ ) မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| ပြင်းထန်/မထန် | ၂ | ၂ | ၂ | ၂ |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

၁။ စိုးရိမ် ၂။ သာမန်

အမှုအခင်းနှင့် ပတ်သက်၍ ကြီးကြီးမားမား ဖြစ်လေ့မရှိပါ။ သာမန်မျှသာ ဖြစ်ပါသည်။

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက်များ |
|---|---|
| **လူသား အရင်းအမြစ်**<br>• အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ များပြားခြင်း။ | • ဆယ်အိမ်စုကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်း မှာ (၁၄၈) ဦးဖြစ်ပြီး ကျား (၇၃) ဦးနှင့် မ (၇၅) ဦးရှိသောကြောင့် ကျား၊ မ လုပ်သားအင်အားညီမျှမှုရှိပါသည်။<br>• လူငယ်များအားကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်း ကျောင်းဆိုင်ရာ သင်တန်းများထိရောက်စွာပံ့ပိုးမှုပေးနိုင်ပါကကျေးရွာ၏ လူ့အရင်း အမြစ် တိုးတက်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလား အလာ ကောင်းများ ရှိနေပါသည်။ |
| **သီးနှံ ထုတ်လုပ်ရေး**<br>• စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်း<br>• စိုက်ပျိုးရေ အဆင်ပြေခြင်း | • ဆယ်အိမ်စုကျေးရွာ ပတ်ဝန်းကျင်တွင် ခြံစိုက်ဧက တိုးချဲ့နိုင်မည့် အလားအလာများ ရှိနေပါသည်။ စိမ့်စမ်းရေသွယ်၍ ဆောင်းသီးနှံ ဟင်းသီးဟင်းရွက် များစိုက်ပျိုးနိုင်သည်။ |
| **တိရစ္ဆာန် မွေးမြူရေး**<br>• မြေနေရာ အခက်အခဲ မရှိခြင်း<br>• စားကျက်မြေ ချဲ့ထွင်နိုင်ခြင်း၊<br>• ရေအရင်းအမြစ်ပေါကြွယ်ဝ ခြင်း | • မွေးမြူရန် မြေနေရာအခက်အခဲမရှိခြင်း၊အစားအစာများ အလွယ် တကူရရှိနိုင်ခြင်း၊ စားကျက်မြေချဲ့ ထွင်နိုင်ခြင်း၊ ရေအရင်းအမြစ် ပေါကြွယ်ဝခြင်းစသည်တို့ကြောင့် မွေးမြူရေးလုပ်ငန်းသည် ဆင်းရဲသော အိမ်ထောင်စုများအတွက် အသင့်တော်ဆုံး ဖြစ်နေ ပါသည်။ ဒေသကြက်ကိုသာ တစ်ပိုင်တစ်နိုင် မွေးမြူကြသော ကြောင့်ဥစားကြက်၊ အသားတိုး ကြက်မွေးမြူနည်းနှင့် ရောဂါကာ ကွယ်ခြင်းနည်း လမ်းများကိုသိရှိပါက စီးပွားဖြစ်မွေးမြူနိုင်မည့် အလားအလာကောင်းများ ရှိနေပါသည်။ |
| **စိုက်ပျိုး မွေးမြူရေး မဟုတ် သော အခြားဝင်ငွေရ လုပ်ငန်း များ**<br>• ကုန်ချောထုတ်လုပ်နိုင်မည့် ကုန်ကြမ်းများရှိနေခြင်း။ | • ကျေးရွာအတွင်းတွင်ကုန်ချောထုတ်လုပ်နိုင်သောကုန်ကြမ်းပစ္စည်း များပေါများစွာထွက်ရှိနေခြင်းကလည်း ကုန်ချောထုတ်လုပ်ငန်း များ၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းက လည်း ကျေးရွာ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အား တစ်ခုပင်ဖြစ်သည်။ |
| **ရေ အရင်းအမြစ်**<br>• သောက်သုံးရေ ဖူလုံမှု ရှိခြင်း | • ကျေးရွာတွင် သောက်သုံးရေကို ကျေးရွာရှိအိမ်တိုင်းသို့ စိမ့်စမ်း ရေနှင့် ရေတွင်းများမှရရှိပြီး တစ်နှစ်ပတ်လုံး လုံလောက်ပါသည်။ ကျေးရွာမူလတန်းကျောင်းရှိကျောင်းသားများအတွက်သောက်သုံး ရေကိုစိမ့်စမ်းရေအားပိုက်ဖြင့် သွယ်တန်းခြင်းဖြင့် ကျောင်းဖွင့် သည့် ကာလတစ်လျှောက် လုံးလုံလောက်မှုရှိပါသည်။ |
| **လူငယ် နှင့် ယဉ်ကျေးမှု**<br>• လူငယ်များ သည် လူငယ် အသင်းအဖွဲ့ အနေဖြင့် လူကြီး များ၏ဦး ဆောင်မှုအောက် တွင် လုပ်ကိုင် ဆောင်ရွက် တတ်ခြင်း။<br>• မိသားစုကျေးရွာဖြစ်၍ မှုခင်း ကြီးကြီးမားမား မရှိခြင်း။ | • ဆယ်အိမ်စုကျေးရွာတွင် ကာလသား၊ ကာလသမီး အဖွဲ့အား (၃၀) ဦးဖြင့်ဖွဲ့စည်းထားပါသည်။ဘုန်းတော်ကြီးကျောင်းကိစ္စရပ်များနှင့် အခြားသောဘာ သာရေးကိစ္စရပ်များတွင် အလှူ့ကျ တာဝန်ယူ ဆောင်ရွက်သော အလေ့အထကောင်းများရှိပါသည်။ အမျိုးသမီး ငယ်၊ လူငယ်များသည် ရပ်ရွာ၏ ဘာသာရေးကိစ္စရပ်များတွင် တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြပါသည်။<br>• ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများဖြစ် ကြပြီးကြီးကြီးမားမားမှုခင်းများဖြစ်ပွား မှုနည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ရပ်လမ်း ဖြစ်သည်။ |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါသည်။

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

| ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက်များ |
|---|---|
| **လူသား အရင်းအမြစ်**<br>• လူ့စွမ်းအား အရင်းအမြစ်များ လိုအပ်ချက်ရှိခြင်း | • ဆယ်အိမ်စုကျေးရွာတွင် ဘွဲ့ရတစ်ဦးနှင့် အထက်တန်းပညာတက်ရောက်သင်ကြားနေသူ (၁)ဦး သာရှိသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ချက်မှာရှိနေဆဲဖြစ်ပါသည်။ |
| **အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး**<br>• အဖွဲ့အစည်းဆိုင်ရာ သဘော တရားများကို နားလည်မှု အားနည်းခြင်း။<br>• စွမ်းရည်မြှင့် ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်း။ | • ဆယ်အိမ်စုကျေးရွာတွင်ဖွံ့ဖြိုးရေးဆောင်ရွက်နေသောကျေးရွာအတွင်းအဖွဲ့များရှိသော်လည်းအုပ် ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခုချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင်အားနည်းမှုရှိပါသည်။ ကျေးရွာလူထု အနေဖြင့် မြို့နယ်ရှိဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာစွမ်းရည်မြှင့် ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်းစသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ် သည်။ |
| **သီးနှံ ထုတ်လုပ် ရေး**<br>• အပင်မျိုးစိတ်များ ပျောက်ဆုံး လာခြင်း<br>• နည်းပညာ ဂန်ဆောင်မှု ပေးနေ သော အသင်းအဖွဲ့များ၊ ဌာနဆိုင် ရာများနှင့် ချိတ်ဆက်မှု အားနည်း ခြင်း | • ကျေးရွာပတ်ဝန်းကျင်ရှိ တောင်ကုန်းများကို ခုတ်ထွင်ရှင်းလင်း၍ရာဘာ စိုက်ပျိုးခြင်းကြောင့်မြေဆီလွှာများ မျောဆုံးရှုံးခြင်း၊ အပင်မျိုးစိတ် များပျောက်ဆုံးလာခြင်းနှင့် တိရစ္ဆာန်မျိုးကွဲများ ရှင်သန်ရန်နေရာရှားပါးလာခြင်းစသည်ဖြင့် အရင်းအမြစ်များ၏ ထိခိုက်မှုမြင့်မားလာနေပါသည်။<br>• နည်းပညာဂန်ဆောင်မှု ပေးနေသော အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဆက်သွယ်မှု အားနည်းမှုရှိနေပါသည်။ |
| **တိရစ္ဆာန် မွေးမြူရေး**<br>• မွေးမြူရေး နည်းပညာ ဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း<br>• ရင်းနှီးငွေ လိုအပ်ခြင်း | • ရင်းနှီးငွေလိုအပ်ခြင်း၊ ရောဂါဖြစ်ပွားမှု ထိန်းချုပ်ရေးနည်းလမ်းများကို မသိရှိခြင်း၊ မွေးမြူရေးနည်းပညာဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း၊ အဆင့်မြင့် မွေးမြူရေးနည်းစနစ်များ အားနည်းခြင်းတို့ကလည်းမွေးမြူရေးလုပ်ကိုင်သူများအတွက် အဟန့်အတားတစ်ရပ်ဖြစ်သည်။ |
| **စိုက်ပျိုး မွေးမြူ ရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**<br>• အသက်မွေးဝမ်းကျောင်းပညာ များတတ်မြောက်မှုအားနည်းခြင်း<br>• ကုန်ကြမ်းမှကုန်ချောထုတ်လုပ် ရန်နည်းပညာများ မသိရှိကြခြင်း၊ | • စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများလုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများတတ်မြောက်မှု အားနည်းခြင်း၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ် ရန်နည်းပညာများမသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက်လိုအပ်သည့်အချိန်တွင် လိုအပ်သလောက်ချေးငွေရရှိရန်အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။ |
| **ချေးငွေ ဝန်ဆောင်မှု**<br>• ချေးငွေရရှိရန် အကန့်အသတ်များ ရှိနေခြင်း | • ကျေးရွာအတွင်းတွင်စိုက်ပျိုးရေးလုပ်ငန်း၊မွေးမြူရေးလုပ်ငန်းနှင့်အခြားဝင်ငွေရလုပ်ငန်းများအတွက် ချေးငွေထုတ်ချေးပေးသော အဖွဲ့များရှိမနေခြင်းကလည်း ချေးငွေရရှိရန် အကန့်အသတ်များရှိနေဆဲဖြစ်သောကြောင့် ကာလရှည်ချေးငွေ အကူအညီပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ လိုအပ်နေဆဲဖြစ်ပါသည်။ |
| **ပညာရေး**<br>• ဘွဲ့ရဦးရေ နှင့် အထက်တန်းပညာ | • ဘွဲ့ရဦးရေနှင့် အထက်တန်းပညာတတ်မြောက်သူဦးရေနည်းပါးခြင်းကလည်း ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် |

| ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက်များ |
|---|---|
| တတ်မြောက်သူဦးရေနည်းပါးခြင်း | အဟန့်အတားတစ်ရပ် ဖြစ်သည်။ |
| **ကျန်းမာရေး**<br>• ကျန်းမာရေးဆိုင်ရာဗဟုသုတများ အားနည်းခြင်း | • ကျေးရွာတွင် ကျန်းမာရေးလုပ်သားများမရှိခြင်းကြောင့် ရာသီအလိုက် ဖြစ်ပွားတတ်သောရောဂါများနှင့် ရောဂါလက္ခဏာများကို ကွဲပြားစွာသိရှိနိုင်သည့် ဗဟုသုတများအားနည်း ခြင်းကလည်း ကျေးရွာ၏ကျန်းမာရေးကဏ္ဍတိုးတက်ရေးတွင် အဟန့်အတား ဖြစ်စေနိုင်ပါသည်။ |
| **လမ်း၊ တံတား၊ လျှပ်စစ်မီး**<br>• လမ်း နှင့် တံတားများ မကောင်း မွန်ခြင်း<br>• ကျေးရွာလူထုမှ မတည်ငွေ ပါဝင် ရန် မတတ်နိုင်ခြင်း | • တစ်နှစ်ပတ်လုံး သွားလာမှုခက်ခဲပြီး၊ မိုးရာသီ မိုးများသဖြင့် လမ်းမကောင်းပါ။ ကားသွားလာမှု မလွယ်ကူပါ။ ထမင်းမစား ကျေးရွာမှ ဆယ်အိမ်စုရွာသို့ ဆက်သွယ်သော မြေသားလမ်းမှာကြမ်းတမ်းလှပါသည်။ လမ်း၊ တံတားများ အဆင့်မြှင့် တင်ရေးအတွက် ကျေးရွာလူထုမှ မတည်ငွေလိုအပ်ခြင်း၊ အိမ်ထောင်စုတိုင်းမှ ကျေးရွာမီးလင်းရေးအတွက် ငွေအားဖြင့် ပူးပေါင်းပါဝင်ရန် မတတ်နိုင်ခြင်းတို့အတွက် အလားအလာ ရှိသော အလှူရှင်များ၊ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်နေပါသည်။ |
| **လူငယ် နှင့် ယဉ်ကျေးမှု**<br>• သတင်းအချက်အလက်၊ ဗဟုသုတ ရယူရန် အခွင့်အလမ်းနည်းပါးခြင်း | • လက်ရှိကာလတွင်ကျေးရွာရှိ လူငယ်အများစုမှာ အထက်တန်းအဆင့်စာတတ်မြောက်မှု အားနည်းကြပါသည်။ လူငယ်များအနေနှင့် သတင်းအချက် အလက်၊ ဗဟုသုတရယူရန် အခွင့်အလမ်းနည်း ပါးပါသည်။ အင်တာနက်၊ သတင်း၊ ဂျာနယ်များကိုလက်လှမ်းမမီခြင်း၊ ရုပ်မြင်သံကြားရှိသော်လည်း မီးမရရှိခြင်း၊ စာကြည့်တိုက်မရှိခြင်းတို့က လူငယ်များ၏ သင်ယူလေ့လာခွင့်များကိုဟန့် တားထားပါသည်။ |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်) မှရယူပါ သည်။

# ဆယ်အိမ်စုကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့်ဖြေရှင်းနည်းဆီသို့

ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ - အဖွဲ့အစည်း** | | | | | | |
| ၁ | • အဖွဲ့အစည်းများ၏ဆောင်ရွက်ချက်အားနည်းခြင်း။<br>• အဖွဲ့အစည်းများအချင်းချင်းချိတ်ဆက်မှုအားနည်းခြင်း။ | • ဌါနဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုအားနည်းခြင်း။<br>• စိတ်ပါဝင်စားမှုအားနည်းခြင်း။<br>• ဦးဆောင်မှုအားနည်းခြင်း။<br>• တိကျသည့်လမ်းညွှန်မှုများမရရှိ ခြင်း။<br>• တာဝန်၊ ဝတ္တရားများအတိုင်းလုပ်ဆောင်နိုင်စွမ်းအားနည်းခြင်း။ | • နည်းပညာများသင်ယူလိုစိတ်ရှိခြင်း။<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းပြီး ခြင်း။<br>• နိုင်ငံတော်မှကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစားပေးဆောင်ရွက်နေခြင်း။ | • အဖွဲ့အစည်းဆိုင်ရာစွမ်းရည်မြှင့်ဝန်ဆောင်မှုအဖွဲ့များနှင့်အလှမ်းဝေးခြင်း။ | • သက်ဆိုင်ရာကဏ္ဍအ လိုက်ကော်မတီများဖွဲ့ စည်းပြီးဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ် ဆက်ဆောင်ရွက်မှုအတွက်အားထုတ်စေခြင်း။<br>• ဦးဆောင်မှုသင်တန်းများရယူစေခြင်း။<br>• တာဝန်ဝတ္တရားများအတိုင်းလုပ်ဆောင်နိုင်ရန်တွန်းအားပေးစေခြင်း။ | • အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစွမ်း ရည်မြှင့်တင်ပေးရေး<br>• ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်း<br>• အလုပ်အမှု ၁ ၊ ဦးဆောင်ကော်မတီများဖွဲ့စည်းခြင်း<br>• ခေါင်းဆောင်မှုနှင့်ငွေကြေးစီမံခန့်ခွဲမှုသင်တန်းများစီစဉ်ခြင်း<br>• အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများ |
| **ကဏ္ဍ - စိုက်ပျိုးရေး** | | | | | | |
| ၂ | • စိုက်ပျိုးရေးနည်းစနစ်များမသိခြင်း။<br>• ရာဘာအစေးအထွက်နည်း ခြင်း၊ | • နည်းပညာလာပေးမည့်အဖွဲ့များမရှိ ခြင်း။<br>• ဌာနဆိုင်ရာများ နှင့်ဆက်သွယ်ရကောင်းမှန်းမသိခြင်း။ | • နည်းပညာများသင်ယူလိုစိတ်ရှိခြင်း။<br>• အခြားသောသီးနှံများစိုက်ပျိုးနိုင်သောအခြေအနေများရှိခြင်း။ | • စားသုံးသူဈေးကွက်မတည်ငြိမ်ခြင်း။<br>• ပြည်ပရာဘာပို့ကုန်ပေါ်လစီနှင့် | • နည်းပညာအကူအညီပေးရေးအဖွဲ့များနှင့်ချိတ်ဆက် စေခြင်း။<br>• ဌာနဆိုင်ရာများနှင့်ဆက်သွယ်စေခြင်း။ | ၂။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ၊ ကျွမ်းကျင်မှုများတိုးတက်ရေး<br>• လိုအပ်သောနည်းပ |

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက် |
| --- | --- | --- | --- | --- | --- | --- |
| | တွက်ခြေ မကိုက်ခြင်း။ | | | အာမခံချက်မရှိ ခြင်း။ | | ညာများအတွက်သင် တန်းများပြုလုပ်ခြင်း<br>၃။ ရာဘာခြံလုပ်ငန်း မှအကျိုးအမြတ်ပိုမိုရရှိရေး<br>• ဈေးကွက်နှင့်သတင်းချိတ် ဆက်လုပ်ဆောင်မှုပြုလုပ် ခြင်း<br>• မြို့နယ်ရာဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း၊ စက်မှုသီးနှံဌာနစသည်တို့ နှင့်ချိတ်ဆက်ဆောင်ရွက် ခြင်း |
| **ကဏ္ဍ - မွေးမြူရေး** | | | | | | |
| ၃ | • အခါအားလျော်စွာ ကျရောက်သော ရောဂါ များကြောင့် မွေးမြူသော တိရိစ္ဆာန်များ ဆုံးရှုံးခြင်း။ | • အိမ်မွေးတိရိစ္ဆာန်များ တွင်ကျ ရောက်တတ် သောရောဂါများကို ကြိုတင်ကာ ကွယ်ကုသရန်အသိပ ညာဗဟုသုတနည်းပါ းခြင်း။ | • သဘာဝအလျောက် ကြက်စာအလွယ်တကူရရှိ နိုင်ခြင်း။ | • အဆင့်မြင့်မွေးမြူရေး နည်းစနစ် အားနည်း ခြင်း။<br>• မွေးမြူရေးနည်းပညာ ဝန်ဆောင်မှုအကန့် အသတ်ရှိ ခြင်း။ | • နည်းပညာဝန်ဆောင်မှု နှင့် သင်တန်းများပံ့ပိုးပေး ခြင်းဖြင့်မွေးမြူရေးထွက်ကုန် မြင့်မားစေခြင်း။ | ၄။ မွေးမြူရေးနည်း ပညာ ဝန်ဆောင်မှုနှင့်သင် တန်းများစီစဉ်ပေးရေး။<br>• နည်းပညာဝန်ဆောင်မှုနှင့် သင်တန်းများပံ့ ပိုးပေးခြင်း ဖြင့်မွေးမြူရေးထွက်ကုန် မြင့်မားစေခြင်း။<br>• မြို့နယ်မွေးကုဌာနနှင့် ချိတ်ဆက်ခြင်း<br>• မွေးမြူရေးထုတ်လုပ်ရေး အတွက်ဈေး ကွက်ချဲ့ထွင် မှုရရှိရန် လုပ်ဆောင်ခြင်း |
| **ကဏ္ဍ - စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေတိုးလုပ်ငန်းများ** | | | | | | |
| ၄ | • အလုပ်အကိုင် | • ပညာတတ်နည်း ခြင်း။ | • နည်းပညာများ သင်ယူ | • စားသုံးသူဈေး | • တန်ဖိုးမြင့်ထုတ်ကုန်များ | ၅။ အလုပ်အကိုင်အ |

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | ရှားပါးခြင်း။ | • ဒေသနှင့်ကိုက်ညီသောဝင်ငွေရအသက်မွေးဝမ်းကြောင်းပညာမရှိခြင်း။ (ဥပမာ- စက်ဘီး၊ ဆိုင်ကယ်ဝပ်ရှော့) | လိုစိတ်ရှိခြင်း။<br>• ဈေးကွက်ရှိခြင်း။ | ကွက်မတည်ငြိမ်ခြင်း။<br>• ဒေသတွင်းသင်ကြားပေးနိုင်မည့်ပညာရှင်ရှားပါး ခြင်း။ | ထုတ်လုပ်ရန်အတွက်သင်တန်းများတက်ရောက် စေခြင်း။<br>• ဝန်ဆောင်မှုအသက်မွေးဝမ်းကြောင်း သင်တန်းများတက်ရောက်စေခြင်း။ | ခွင့်အလမ်းများပြားလာစေရေး<br>• အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းပေး ခြင်း၊<br>• အသေးစားကုန်ထုတ်လုပ်သူများအဖွဲ့ဖွဲ့ စည်းရေးနှင့်အကောင်အထည်ဖော်ရေး။<br>• ကုန်ချောထုတ်လုပ် ခြင်းနည်းပညာတိုးတက်ဖွံ့ဖြိုးရေး<br>• ဈေးကွက်ထိုးဖောက်မည့်အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့်လုပ်ငန်းအကောင်အထည်ဖော်ခြင်း |
| **ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း** | | | | | | |
| ၅ | • စိုက်ပျိုးရေး သွင်းအားစုများ အတွက်ရင်းနှီး ငွေမလုံလောက်ခြင်း | • အရင်းအနှီးမတတ်နိုင်ခြင်း<br>• ဝင်ငွေများကိုပညာရေးဘက်တွင် အဓိကထားသုံးစွဲ နေရခြင်း<br>• ဝင်ငွေနည်းခြင်း | • မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှစိုက်ပျိုးရေးချေးငွေ၊ သမဝါ ယမ မှစိုက်ပျိုးရေး ချေးငွေတို့ကိုလက်လှမ်းမီခြင်း<br>• လက်ရှိမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အပြင်သွင်းအားစုများ (ဓာတ်မြေဩဇာ) အတွက် ချ ထားပေးသည့် ကုမ္ပဏီ ရှိခြင်း။ | • ချေးငွေကိုအကန့်အသတ်ဖြင့်သာ ထုတ်ပေးသည့် စနစ်ကိုလက်ရှိတွင်ကျင့်သုံးနေခြင်း။<br>• ကုမ္ပဏီများမှထုတ်ပေးသောသွင်းအားစုအတွက်အတိုးနှုန်းများပြားခြင်း | • အတိုးနှုန်းနည်းပါးသော ချေးငွေရရှိနိုင်မည့် အဖွဲ့ အစည်းများနှင့်ချိတ်ဆက် ခြင်း | ၆။ လုံလောက်သောပမာဏနှင့်သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့်အဖွဲ့များအားလက်လှမ်းမီရေး<br>• ချေးငွေရရှိရန်ချေးငွေဌာနများနှင့်ချိတ်ဆက်ခြင်း<br>• ချေးငွေအတွက်လို အပ်သောအထောက်အထားများပြင်ဆင် ခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ - ပညာရေး** | | | | | | |
| ၆ | • ကျောင်းအိမ် သာ၊ ကျောင်းပရိဘောဂ များမ ပြည့်စုံခြင်း။<br>• ကျောင်းသား များ စာသင် ကြားရာတွင်အသံ ဆူညံမှုများ နေခြင်း။<br>• ကျောင်းသား များအတွက် သောက်သုံးရေသန့် ရှင်းမှုနည်းပါးခြင်း | • ကျောင်းသားဦး ရေများလာခြင်း။<br>• အထောက်အပံ့ ပစ္စည်းနည်းပါးလာ ခြင်း။<br>• စာသင်ခန်းမလုံ လောက် ခြင်း။<br>• ရေတွင်းအကာအရံမ ရှိ ခြင်းနှင့်ရေ စင်မရှိခြင်း။ | • ပညာရေးဌာနတွင် ဘတ်ဂျက်လျာထား ချက်များ ရှိနေခြင်း။<br>• ကျောင်းကော်မတီစနစ် တကျဖွဲ့စည်းပြီးဖြစ် ခြင်း။ | • ကျေးရွာလူထု ဆောက်လုပ်ရေး နည်းပညာမကျွမ်း ကျင်ခြင်း။<br>• ကျေးရွာ၏ အခြား ကဏ္ဍများ တိုးတက် ရန်အားထည့်နေရသ ဖြင့် ပညာရေးကဏ္ဍ ရန်ပုံငွေအတွက် အားမစိုက်နိုင်တော့ ခြင်း | • ကျောင်းကော်မတီမှမြို့ နယ်ပညာရေးဦးစီးဌာန နှင့်ချိတ်ဆက်ပြီးတင်ပြဆွေးနွေး စေခြင်း။<br>• ပုဂ္ဂလိကအလှူရှင်များ၊ ချမ်းသာသူများထံမှအလှူ ငွေကောက်ခံစေခြင်း။<br>• ကျေးရွာပညာရေးရန်ပုံငွေ တစ်ရပ်ထူထောင်စေခြင်း။ | ၇။ကျေးရွာ၏ပညာတတ် မြောက်မှုတိုး တက်ရေး<br>• ကျောင်းအိမ်သာ၊ ကျောင်းပရိဘောဂများ ဆောက်လုပ် ဖြည့်တင်း ခြင်း။<br>• စာသင်ကျောင်းဆောင် တိုးချဲ့ခြင်း။<br>• ရေတွင်းအကာအခင်းပြု လုပ်ခြင်းနှင့်ရေစင်တည် ဆောက်ခြင်း။ |
| **ကဏ္ဍ - ကျန်းမာရေး** | | | | | | |
| ၁။ | • ကျန်းမာရေး ဆိုင်ရာဗဟုသုတ အားနည်း ခြင်း။ | • အရေးပေါ်ကျန်း မာရေးအတွက်လုံ ခြုံစိတ်ချရမှုမရှိ ခြင်း။<br>• လူထုကျန်းမာရေး လုပ်သား၊ အရံသား ဖွားဆရာမ မရှိခြင်း။<br>• ကျန်းမာရေးဆိုင် ရာအမြင်ဖွင့်သင်တန်း များ မရရှိ ခြင်း | • ကျေးရွာတွင်ကျန်းမာ ရေး နည်းပညာများ သင်ယူလိုစိတ်ရှိခြင်း။ | • ကျန်းမာရေးဦးစီးဌာန နှင့်ဆက် သွယ်မှုအလှမ်း ဝေးနေခြင်း။ | • ကျန်းမာရေးဦးစီးဌာနနှင့် ချိတ် ဆက်၍ ကျန်းမာရေး သင်တန်း များတောင်းခံတင်ပြစေခြင်း။<br>• ကျန်းမာရေးဆိုင်ရာဗဟုသုတရ စေမည့်အသိပညာပေးဟောပြော ပွဲများပြု လုပ်စေခြင်း။ | ၈။ ကျေးရွာ၏ကျန်း မာရေးကဏ္ဍတိုး တက်လာစေရေး<br>• ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း<br>• ကျန်းမာရေးဝန်ထမ်းများ တောင်းခံခြင်းအတွက် တင်ပြခြင်း<br>• ကျန်းမာရေးဝန် ဆောင်မှု များအား လက်လှမ်းမီ မှုတိုး တက်ရေး<br>• ကျန်းမာရေးအသိပညာ ပေးဟောပြောပွဲများစီစဉ် |

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | | | | | | ခြင်း |
| **ကဏ္ဍ - လမ်း၊ တံတား၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်** | | | | | | |
| ၁။ | • တစ်နှစ်ပတ်လုံး သွားလာမှုအတွက်ခက်ခဲခြင်း | • မိုးများသောဒေသဖြစ်ပြီးမြေသားလမ်းဖြစ်သောကြောင့်ရေတိုက်စားပြီးလမ်းပျက်စီးခြင်း။ | • ကျေးရွာမှ လမ်းခင်းရန် ဆန္ဒပြင်းပြခြင်း။ | • ကျေးရွာလူထု လမ်းခင်းရန် အတွေ့အကြုံမရှိခြင်း။<br>• နည်းပညာနှင့်ငွေကြေးလိုအပ်နေခြင်း။ | • ရေနုတ်မြောင်းတူးဖော် စေခြင်း။<br>• လမ်းတံတားထိန်းသိမ်းရေးလုပ်ငန်းများပြုလုပ်စေခြင်း။<br>• သံကူကွန်ကရစ်တံတားများတည်ဆောက်စေခြင်း<br>• ကွန်ကရစ်/ကတ္တရာလမ်းဖောက်လုပ်စေခြင်း။ | ၉။ ပို့ဆောင်ရေးအ ခြေခံအဆောက်အဦများတိုးတက်လာစေရေး<br>• လမ်း၊တံတားကော်မတီဖွဲ့စည်းခြင်း<br>• ကွန်ကရစ်/ ကတ္တရာလမ်း (၁.၅)မိုင် ဖောက်လုပ်ခြင်း။<br>• သံကူကွန်ကရစ်တံတား (၃)စင်းတည်ဆောက်ရေး။<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း |
| **ကဏ္ဍ - ကျေးရွာ မီးလင်းရေး** | | | | | | |
| ၁။ | • လျှပ်စစ်မီးမရှိခြင်း။ | • အိမ်ထောင်စုအ များစုသည်ဆင်းရဲပြီးအရင်းအနှီး မရှိခြင်း။<br>• အရင်းအနှီးရှိသူအချို့ မှလည်းလုံလောက်သောငွေကြေးမစိုက်ထုတ်နိုင်ခြင်း။ | • ကျေးရွာမှ မီးလင်းရန် ဆန္ဒပြင်းပြခြင်း။ | • ကျေးရွာသား များအနေဖြင့် ကိုယ်ထူကိုယ်ထ ဆိုလာမီးတပ်ဆင်ရန်ငွေကြေး မတတ်နိုင်ခြင်း။ | • ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်။<br>• ကျေးရွာမှကိုယ်ထူကိုယ်ထမီးလင်းရေးလုပ် ဆောင်ရန်။<br>• ပြင်ပမှလုပ်ငန်းရှင်များအားဖိတ်ခေါ်စေရန်။<br>• အစိုးရဌာနများနှင့်ချိတ်ဆက်တောင်းဆိုစေရန်။ | ၁၀။ကျေးရွာမီးလင်းရေးအတွက်ဆိုလာပြားများတပ်ဆင် အသုံးပြုရန်အကောင်အထည်ဖော်ရေး။<br>• ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်<br>• ပြင်ပမှလုပ်ငန်းရှင်များအားဖိတ်ခေါ် စေရန်။<br>• အစိုးရဌာနများနှင့်ချိတ်ဆက်တောင်းဆိုစေရန်။ |

**ကိုးကားစာရင်း**

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲခြင်းလမ်း ညွှန်စာအုပ်၊ ၂၀၁၅၊ မေလ။

၂။ ပုလောမြို့နယ်၊ ဆယ်အိမ်စုကျေးရွာတွင် ၂၀၁၅ ဇူလိုင်လတွင်ကျင်းပခဲ့သောကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

# အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| |
|---|
| ကျေးရွာ - <br> ကျေးရွာအုပ်စု - <br> မြို့နယ် - <br> တိုင်းဒေသကြီး / ပြည်နယ် - |
| စီမံချက်အမည် - |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ |
| စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော် ပြရန်) |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ) |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
|---|---|
| • ……………………..(ငွေသား) <br> • ……………………..(ငွေသား) <br> • ……………………..(ပစ္စည်း/လုပ်အား) <br> • | • ကျေးလက်ဦးစီး <br> • ကျေးရွာ <br> • ကျေးရွာ <br> • |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| ကျေးရွာအဆင့် | | | | | | | | |
| အကျိုးခံစားမည့် ဦးရေ | | | | | | | | |

မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ -၃၊ အလွန်ဆင်းရဲ -၄

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား) |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း |
| (၃) စီမံချက်ပြီးစီးမည့်အချိန် |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့်အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ |